ခန္တီ စ တေ မင်္ဂလမုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၉၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ–တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

☆ မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသသည် တည်ငြိမ်အေးချမ်းသော နယ်စပ်ဒေသအဖြစ်ရပ်တည်နေ၊

☆ ဤကဲ့သို့ အေးချမ်းသာယာမှုကြောင့်လည်း နှစ်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နယ်စပ်နေ ဒေသခံ ပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာများစွာ အထောက်အကူပြုရာ ရောက်စေခဲ့၊

☆ တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို အလေးထား ဆောင်ရွက်လိုသည့် ဆန္ဒရှိသည်ကို ဖော်ထုတ်နိုင်ခဲ့။

မြန်မာ–တရုတ်နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့်နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးတားဆီးရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားရန် တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ဆွေးနွေးခဲ့ နှစ်နိုင်ငံခေါင်းဆောင်များ နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆန္ဒဖော်ထုတ်နိုင်

ရန်ကုန် ဇူလိုင် ၂၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ–တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့နယ်မှ ပန်ဆောင်ဒေသသည် ၂၀၀၂ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစ၍ ပန်ဆောင်မြို့အဆင့်သို့လှမ်းတက်နိုင်ခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်မြောက်ဒေသတွင် ထွန်းတောက်လာသော ကြယ်တစ်ပွင့်ပင်ဖြစ်သည်။ (တက္ကသိုလ်မြတ်သူ၏ဆောင်းပါး၊ စာ – ၈၊)

မြန်မာပြည်အနောက်မြောက်၌ ထွန်းတောက်လာသောပန်ဆောင်မြို့ မြင်ကွင်း (စာ – ၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးမှ ညီအစ်ကိုချစ်ကြည်ရေးသို့ တိုးမြင့် မြန်မာ–တရုတ် ဘက်စုံပူးပေါင်းဆောင်ရွက်မှု ပိုမိုဖြစ်ထွန်း

မြန်မာနှင့် တရုတ်ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာထူထောင်ခဲ့သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် တိုးတက်လျက်ရှိရာ နိုင်ငံရေး၊ စီးပွားရေးနှင့် ဘာသာရေး ဘက်စုံတိုးတက်နေသည်ကို တွေ့ရသည်။ နိုင်ငံတကာနယ်ပယ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံဘက်မှ မားမားမတ်မတ်ရပ်တည်သကဲ့သို့ မြန်မာနိုင်ငံကလည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို စွဲမြဲစွာကျင့်သုံးပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အစဉ်အမြဲထောက်ခံခဲ့သည်။

ယခုအခါ အနောက်နိုင်ငံများသည် နိုင်ငံရေးရည်မှန်းချက်နှင့် မြန်မာနိုင်ငံကို နည်းမျိုးစုံနှင့် ဖိအားပေးနေသည့်အချိန်ကာလတွင် တရုတ်နိုင်ငံသည် မိတ်ဆွေစစ်မိတ်ဆွေမှန် ဖြစ်သည့်အားလျော်စွာ မြန်မာဘက်မှ ရပ်တည်လျက်ရှိသည်။

စီးပွားရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်နိုင်ငံ ခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီးဆွေးနွေးနိုင်ခဲ့ခြင်း၏ ရလဒ်အဖြစ် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကဏ္ဍသစ်များ ထွက်ပေါ်လာခဲ့သည်။

ဘာသာရေးနှင့်ပတ်သက်၍လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ်သည့် ဗုဒ္ဓစွယ်တော်မြတ်အား သုံးကြိမ်တိုင်တိုင် မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်ခွင့်ပြုခဲ့သကဲ့သို့ မြန်မာနိုင်ငံကလည်း စွယ်တော်မြတ်စေတီတွင် ကိန်းဝပ်ရန် အလွန်ထူးခြားတန်ဖိုးထိုက်သည့် ကျောက်စိမ်းရုပ်ပွားတော်နှစ်ဆူကို လှူဒါန်းခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား တရုတ်နိုင်ငံဝန်ကြီးချုပ်က ပေကျင်းမြို့တွင် အခမ်းအနားနှင့် ကြိုဆိုခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများဖြစ်ကြသော သမ္မတ မစ္စတာဟူကျင်တောင်၊ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုနှင့် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အမြဲတမ်းအဖွဲ့ဝင် မစ္စတာလော်ဂန်တို့က ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးပြီး နှစ်နိုင်ငံအကြား သဘောတူညီချက် ၁၂ ခု လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် တရုတ်–မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပေါ်လွင်စေသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခွင့် ရရှိခဲ့သည်။ **အထူးသဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေး အေးချမ်းတည်ငြိမ်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးမှု အထိုက်အလျောက်ရရှိနေကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ခင်ရင်းနှီးမှုရှိပြီး အပြုသဘောဆောင်သည့် ဆက်ဆံရေးထူထောင်ထားကြောင်း၊ မြန်မာနိုင်ငံ ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်ပတ်သက်၍လည်း အရေးကြီးဆုံးခြေလှမ်းဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများချမှတ်ပေးမည့် အမျိုးသားညီလာခံကို မေလ ၁၇ ရက်နေ့မှ စတင်ကျင်းပခဲ့ကြောင်း၊ ယင်းညီလာခံသို့ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် ၄၀၀ ကျော်အပါအဝင် အလွှာရှစ်လွှာမှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ ဦးနှင့် အောင်မြင်စွာကျင်းပနေကြောင်း၊ ယခုအခါ ကိုယ်စားလှယ်များ နေရပ်သို့ ခေတ္တပြန်သွားကြပြီဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် ညီလာခံ ပြန်လည်စတင်မည်ဖြစ်ကြောင်း** ရှင်းလင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ခေါင်းဆောင်များကလည်း **မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံကောင်း ပီသသည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ်ကို မြန်မာတို့ကသာ ဖန်တီးရမည်ဖြစ်ကြောင်း၊ မြန်မာ၏ပြည်တွင်းရေးကို မြန်မာအစိုးရနှင့် ပြည်သူများက ဖြေရှင်းနိုင်စွမ်းရှိသည်ကို ယုံကြည်ပါကြောင်း၊ ပြည်ပနိုင်ငံများက ဝင်ရောက်စွက်ဖက်ရန်မလိုကြောင်း၊ မြန်မာနိုင်ငံအပေါ် ရပ်တည်ချက် ပြောင်းမည်မဟုတ်ကြောင်း** ပြောကြားခြင်းကြောင့် နှစ်နိုင်ငံအကြားတည်ရှိပြီး နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲစေခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လေးနက်သော ဆက်ဆံရေးသည် အခြားနိုင်ငံများနှင့် ဆက်ဆံရေးနှင့်မတူဘဲ တစ်မူထူးခြားသည့် အသွင်ဆောင်လျက်ရှိသည်ကို နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်က ပေါ်လွင်ထင်ရှားစေခဲ့သည်။

သို့ဖြစ်ရာ ယခုအခါ နှစ်နိုင်ငံအကြား ဆက်ဆံရေး နယ်ပယ်အသီးသီးတွင် ကဏ္ဍစုံ ဆတက်ထမ်းပိုး တိုးပွားနေရာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးမှ ညီအစ်ကိုချစ်ကြည်ရေးအဆင့်သို့ တိုးမြင့်ဖြစ်ထွန်း လာသကဲ့သို့ မြန်မာ–တရုတ် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုတိုးတက်ဖြစ်ထွန်း လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၄–၇–၂၀၀၄
(စနေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ဓမ္မာနုပဿနာသတိပဋ္ဌာန်”**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Majer Legal Systems (ပထမနှစ်–ဥပဒေပညာ အထူးပြု)
၅း၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်”** (အပိုင်း–၉)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး”**(ဒုတိယတွဲ) (အပိုင်း–၄၀) ဇာတ်သိမ်း

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲဝင်မည့် ဒုတိယရဲအုပ် သင်းသင်းခိုင်အား ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဂုဏ်ပြုငွေနှင့်အထောက်အကူပစ္စည်းပေးအပ်

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၄ ခုနှစ် ဩဂုတ်လတွင် ဂရိနိုင်ငံ အေသင်မြို့၌ကျင်းပမည့် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြားပစ်အားကစားသမား ဒုတိယရဲအုပ် သင်းသင်းခိုင်အား ဂုဏ်ပြုဆုငွေနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးထောက်ပံ့ခြင်းအခမ်းအနားကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဧည့်ခန်းမဆောင်၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ထောက်ပံ့ချီးမြှင့်ငွေကျပ် သုံးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နာယက များဖြစ်ကြသော ဒေါ်ခင်လှလှက မြန်မာအမျိုးသမီးဝတ်စုံနှင့် ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဒေါ်ခင်အေးက ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ ဒေါ်နီလာသော်က မြန်မာအမျိုးသမီးဝတ်စုံနှင့် ငွေကျပ် ငါးသောင်းကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင့်ဆန်းနှင့် ဒေါက်တာဇော်ထွန်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၄/၂၀၀၄) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက်က လှိုင်သာယာမြို့နယ် အမက(၂၄) ခန်းမတွင်ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံရေးရာဌာန ညွှန်ကြားရေးမှူး ဦးတင်မြင့် အမှာစကား ပြောကြားစဉ်။ (က–ပ)

သန်လျင်မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း သန်လျင်မြို့နယ် အမှတ်၂၈ သိပ္ပံလမ်း အုတ်ဖိုစုရပ်ကွက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၆)၏ နှစ်စဉ် ကျင်းပသော ခုနစ်ရက် တရားစခန်းကို ဇူလိုင် ၂၅ ရက်မှ ၃၁ ရက် (ဒုတိယဝါဆိုလဆန်း ၉ ရက်မှ ၁၅ ရက်)အထိကျင်းပမည် ဖြစ်သည်။ ယင်းတရားစခန်းကို ရွှေပြည်သာမြို့ ပြည့်စုံအေး မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ ပဓာနနာယက သာသနာပြု နယ်လှည့်ဓမ္မကထိက ဦးပညောဘာသ (ဓမ္မာစရိယ)က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

စမ်းချောင်းလမ်း ၁၀ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၃

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ ဉာဏ်မြင် သမထ ဝိပဿနာ အလုပ်ပေးတရားတော်မြတ်ကို ကမ္မဋ္ဌာန်း နည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၈ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် တရားအားထုတ်နိုင်ကြောင်း သိရသည်။

(က–ပ)

ဇူလိုင် ၂၁ ရက်က ရန်ကင်းမြို့နယ် ၂၀၀၄–၂၀၀၅ ခုနှစ် နှစ်စဉ် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မြို့နယ်ရုံးခန်းမတွင် ပြုလုပ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖေခင်က ဌာနဆိုင်ရာများသို့ တာဝန်ပေးအပ်စဉ်။ (က–ပ)

နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသာမက ညီအစ်ကိုချစ်ကြည်ရေးအလေးထား ကြီးသည့်ပြဿနာသေးအောင်၊ သေးသည့်ပြဿနာပပျောက်အောင် ဖြေရှင်းနိုင်ခဲ့

■ ရှေ့ဖုံးမှ

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးမှာ မြန်မာ-တရုတ် နယ်စပ်ဒေသများစီမံခန့်ခွဲရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခု ဇူလိုင်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ၌ တရုတ်နိုင်ငံ ခေါင်းဆောင်များအားလုံးက မြန်မာ-တရုတ်နယ်စပ်ဒေသ တရားဥပဒေ စိုးမိုးရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားရန် ဆွေးနွေးခဲ့ကြကြောင်း။

အမှန်တကယ်အားဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်သည့် သဘောတူစာချုပ်တစ်ခု ယခင်ကပင် ချုပ်ဆိုထားပြီးဖြစ်ကြောင်း။

ယင်းမြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ် မတ် ၂၅ ရက်တွင် ယင်းအချိန်အခါက မြန်မာနိုင်ငံကို တရားဝင်ခရီး လာရောက်လည်ပတ်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာလော်ဂန်နှင့်မိမိတို့ ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း။

ယင်းစာချုပ်မှာ အဓိကအားဖြင့် နယ်စပ်ဒေသ လူဝင်လူထွက်နေရာများ စွမ်းရည်မြှင့်တင်ရေးနှင့်စီမံခန့်ခွဲရေး၊ နယ်နိမိတ်မှတ်တိုင်များပြုပြင်ရေး၊ နယ်စပ်ဒေသများ၌ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရေး၊ နယ်စပ်ဒေသများ၌ တရားမဝင်လက်နက် ကူးသန်းရောင်းဝယ်မှုများနှင့်မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေသည့်မှုခင်းများ ကာကွယ်နှိမ်နင်းရေး၊ နယ်စပ်ဖြတ်သန်းမှုစီမံခန့်ခွဲရေး၊ နယ်နိမိတ်ကိစ္စရပ်များစီမံခန့်ခွဲရေးနှင့် ဒေသဆိုင်ရာအာဏာပိုင်များအကြား ဆက်သွယ် ရေးစနစ်ထူထောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားပြီးဖြစ်ကြောင်း။

အလှည့်ကျကျင်းပ

ထို့ကြောင့် စာချုပ်၌ပါဝင်သည့် အခန်းကဏ္ဍများ အကောင်အထည်ဖော်ရာတွင် အခြေအနေတိုးတက်မှုရှိကြောင်း၊ အဆိုပါ စာချုပ်အကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး နှစ်ဦးနှစ်ဖက်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၁၉၉၉ ခုနှစ် မှစတင်၍ ပေကျင်းမြို့နှင့်ရန်ကုန်မြို့ တို့တွင် နှစ်စဉ်အလှည့်ကျကျင်းပခဲ့ကြရာ ၂၀၀၂ ခုနှစ်အထိ လေးကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း။

၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပပြီးစီးခဲ့သည့် စတုတ္ထအကြိမ် အစည်းအဝေးသဘောတူညီချက်များအရ-

(၁) နယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကြရန်၊
(၂) နယ်စပ်နေပြည်သူများအား ခိုင်လုံ၍ အတည်ဖြစ်သည့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များ ပါရှိမှသာ ဖြတ်သန်းခွင့်ပြုရန်၊
(၃) နယ်စပ်ဝင်ပေါက်/ထွက်ပေါက်များ၌ ကောက်ခံသည့် အခွန်အခနှုန်းထားများနှင့် ပတ်သက်ပြီး နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြရန်၊
(၄) နယ်စပ်ဒေသများရှိ နှစ်ဖက်ဒေသ အာဏာပိုင်များအကြား အခါအားလျော်စွာ တွေ့ဆုံမှုပြုနိုင်ရေးအတွက် ဆက်သွယ်မှုစနစ်ပြုလုပ်ထားရန် စီမံဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုခဲ့သည့် နယ်စပ်ဒေသများ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအခြေပြစာချုပ်သည် ၁၇-၆-၂၀၀၂ ရက်တွင် အတည်ဖြစ်လာခဲ့သည့်အတွက် တရားမဝင် နယ်စပ်ဖြတ်ကျော်ခြင်း၊ လောင်းကစားခြင်း၊ လက်နက်ကုန်ကူးခြင်းနှင့် မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် ရာဇဝတ်မှုများအား ပူးပေါင်းနှိမ်နင်းခြင်းတို့အတွက် များစွာအထောက်အကူပြုလာကြောင်း။

ကီလိုမီတာ ၂၀၀၀ ကျော် နယ်စပ်မျဉ်းကြောင်းအရ ဆက်စပ်နေသည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား၊ အထူးသဖြင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား နှစ်နိုင်ငံနယ်စပ်နေပြည်သူများ၏ ကူးလူးဆက်ဆံမှုသည် အလွန်များပြားလှသည့်အတွက် ပြဿနာများ ရံဖန်ရံခါပေါ်ပေါက်လာတတ်သည့် သဘာဝရှိကြောင်း၊ သို့သော်လည်း နှစ်နိုင်ငံအနေဖြင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသာမက ညီရင်းအစ်ကိုလို ချစ်ကြည်ရေးကို အလေးထားပြီး ဆောင်ရွက်ခဲ့သည့်အတွက် ကြီးသည့်ပြဿနာကို သေးအောင်၊ သေးသည့်ပြဿနာကို ပပျောက်အောင် ဖြေရှင်းနိုင်ခဲ့မှုကြောင့် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဒေသသည် တည်ငြိမ်အေးချမ်းသော နယ်စပ်ဒေသအဖြစ် ရပ်တည်နေကြောင်း၊ ဤကဲ့သို့ အေးချမ်းသာယာမှုကြောင့်လည်း နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နယ်စပ်နေဒေသခံပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာအထောက်အကူပြုရာ ရောက်စေခဲ့ကြောင်း။

ဆန္ဒဖော်ထုတ်နိုင်

မိမိ၏ ဇူလိုင်လ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား နယ်စပ်ဒေသ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို အလေးထားဆောင်ရွက်လိုသည့် ဆန္ဒရှိသည်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း။

မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနယ်စပ်ဒေသများ၌ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဆင့်မြင့်ဆွေးနွေးပွဲများပြုလုပ်ကြရန် ဆန္ဒရှိကြောင်းသိရှိခဲ့ရကြောင်း၊ ထို့ကြောင့် ယနေ့ နယ်စပ်ဒေသ၌ တာဝန်ယူဆောင်ရွက်နေကြသည့်ဌာနအသီးသီး၏ တာဝန်ရှိဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနအကြီးအကဲများနှင့် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်ကြောင်း၊ မိမိတို့ဌာနအလိုက်ဆောင်ရွက်ဖွယ်ရာများ၊ အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ကျင်းပပြီးစီးခဲ့သည့် မြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး လေးကြိမ်တွင် နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းသဘောတူညီခဲ့ကြသည့် နယ်စပ် ဒေသ လူဝင်လူထွက်နေရာများ စွမ်းရည်မြှင့်တင်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်း၊ နယ်စပ်ဒေသများတရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေသည့်မှုခင်းများ ကာကွယ်နှိမ်နင်းရေး၊ နယ်စပ်ဖြတ်သန်းမှုစီမံခန့်ခွဲရေး၊ ဒေသဆိုင်ရာ အာဏာပိုင်များအကြား ဆက်သွယ်ရေး စနစ်ထူထောင်ရေးကိစ္စရပ်များ ပူးပေါင်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုခဲ့သည့် နယ်စပ်ဒေသများ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု အခြေပြစာချုပ်အရ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများ တားဆီးရေး၊ မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် ရာဇဝတ်မှုများအား ပူးပေါင်းနှိမ်နင်းရေးကိစ္စများ ဆောင်ရွက်အကောင်အထည်ဖော်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက နှစ်နိုင်ငံနယ်စပ်၌ လူဝင်လူထွက်ဂိတ်များ ဖွင့်လှစ်ထားမှု၊ လူဝင်လူထွက်ဂိတ်များ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နှစ်နိုင်ငံနယ်စပ်အကြား သဘာဝပတ်ဝန်းကျင်မပျက်ယွင်းအောင် ထိန်းသိမ်းရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေကိုရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စ၊ နယ်စပ်၌ဖြစ်ပွားသော မှုခင်းများလျော့ပါးရေးကိစ္စ၊ နယ်စပ်အခွန်အခကိစ္စရပ်များနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အလိုတော်ပြည့် ၁၀ ရက်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမွေ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်မှ ဝါခေါင်လဆန်း ၂ ရက် (ဩဂုတ် ၇ ရက်မှ ၁၇ ရက်) အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏ တပည့် သန်လျင်ဆရာတော် ကျိုက်ဒေးယျုံအရှင်ဥတ္တရ(ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အလိုတော်ပြည့် ကမ္ဘဌာနာစရိယ အရှင်သောဘနဆရာတော်တို့က သတိပဋ္ဌာန်အလုပ်ပေးတရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဩဂုတ် ၇ရက် ညနေ ၅ နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်သို့လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၁-၅၄၅၃၃၇၊ ၀၉-၈၀-၃၀၆၆၆နှင့် ၀၉-၅၀-၁၄၅၀၀ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

နဝင်းကျောင်းတိုက်မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူဉာဏရပ်ကွက် ရွှေနံ့သာကျေးရွာ နဝင်းကျောင်းတိုက်ကြီး၌ နဝင်းဆရာတော် အရှင်ခေမာစာရအား အမှူးထား၍ တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့က စုပေါင်း၍ ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက် (ဇူလိုင် ၃၀ ရက်) နံနက် ၈ နာရီတွင် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ စတင်၍ လပြည့်နေ့ ဇူလိုင် ၃၁ ရက် (စနေနေ့)နံနက် ၉နာရီတွင် ဆရာတော်ကြီးများအား (၇)ကြိမ်မြောက် စုပေါင်းဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြည့်စုံအေးမိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်အမှတ်(၄) လမ်းမကြီး (လှော် ကားလမ်းမကြီးဘေး) အုတ်ဖိုမှတ်တိုင် ဘုံရှည်ကုန်းလမ်း ရွှေပြည်သာမြို့ရှိ ပြည့်စုံအေးကျောင်းတိုက်မိုးကုတ်ရိပ်သာကြီး၏ ဝါတွင်း ခုနစ်ရက် တရားစခန်းပွဲကို (ဩဂုတ် ၇ ရက်မှ ၁၅ ရက်) ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကို သာသနာပြုနယ်လှည့်ဓမ္မကထိက ရိပ်သာပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညောဘာသ(ဓမ္မာစရိယ)က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ပြီး လူဦးရေ ကန့်သတ်ထားသဖြင့် ဖုန်း-၀၁-၆၁၀၂၅၅ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ပြီး ဩဂုတ် ၇ ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

(၁၀၈)တောင်စေတီတော် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်လုံးဆိုင်ရာ (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင် စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ (၉)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၈ပါးတို့အား ဇူလိုင် ၃၁ ရက် (ဝါဆိုလပြည့်) စနေနေ့ မွန်းတည့် ၁၂ နာရီတွင် ပုပ္ဖာရုံတန်ဆောင်း၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်၍ စေတနာရှင်များ ဂေါပကအဖွဲ့ရုံး ဖုန်း-၅၄၇၁၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ၏ ၂၀၀၃-၂၀၀၄ ငွေစုငွေချေးသမအသင်း နှစ်လည်အစည်းအဝေးကို ဇူလိုင် ၂၂ ရက်က အထက (၁) သီရိရတနာခန်းမတွင်ပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွယ် အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိရမည်

စာတတ်သူတိုင်း စာဖတ်ဖို့၊
စာကြည့်တိုက်များ ထူထောင်ခို့၊

* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

စားစာခံဖမ်းသည့်ကိစ္စများကြောင့် နိုင်ငံခြားတပ်အချို့ အီရတ်မှ ပြန်ရုပ်သိမ်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအတွက် အလွန်စိတ်ဓာတ်ကျဆင်းစရာဖြစ်

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်နိုင်ငံမှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းမှုသည် တပ်ဖွဲ့ဝင် အနည်းငယ်သာဖြစ်သော်လည်း အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအတွက် အလွန်စိတ်ဓာတ်ကျစရာ ကိစ္စတစ်ရပ် ဖြစ်လာသည်။

အီရတ်နိုင်ငံ၌ နိုင်ငံ ၃၂နိုင်ငံတို့မှ နိုင်ငံတကာတပ်ဖွဲ့ဝင်များ စေလွှတ်ထားလျက်ရှိရာ အီရတ်နိုင်ငံတွင်း ဓားစာခံများ ဖမ်းဆီးမှုနှင့် လက်နက်ကိုင် တိုက်ခိုက်မှုများအပြင် မိမိတို့နိုင်ငံအတွင်း ဖိအားပေးခံရမှုကြောင့် နိုင်ငံအများအပြားသည် ၎င်းတို့၏ တပ်ဖွဲ့များ ထားရှိမှုအပေါ် ပြန်လည်စဉ်းစားစရာ ဖြစ်လာကြသည်။

အီရတ်နိုင်ငံမှာ အမေရိကန်၏ အပေါင်းပါတပ်ဖွဲ့ဝင်များအဖြစ် နိုင်ငံပေါင်း ၃၂နိုင်ငံမှ စုစုပေါင်း တပ်ဖွဲ့ဝင် နှစ်သောင်းသုံးထောင်ရှိရာ နိုင်ငံအများအပြားက တပ်ဖွဲ့ဝင်များလျှော့ချရန် သို့မဟုတ် ရုပ်သိမ်းရန် ဆောင်ရွက်လာကြသည်။

စီစဉ်

ယခုအခါ နော်ဝေး၊ နယူးဇီလန်၊ ထိုင်းနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့က ၎င်းတို့၏ တပ်ဖွဲ့ဝင်အချို့ကို ပြန်လည်ခေါ်ယူရန် သို့မဟုတ် သတ်မှတ်ထားသော အချိန်ထက် ကြိုတင်ရုပ်သိမ်းရန် စီစဉ်လျက်ရှိကြသည်။

စပိန်နိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင် ၁၃၀၀တို့ကို ရုပ်သိမ်းခဲ့ပြီးနောက် ဟွန်ဒူးရပ်စ်နှင့် ဒိုမီနီကန် နိုင်ငံတို့ကလည်း ၎င်းတို့၏ တပ်ဖွဲ့များကို ပြန်လည်ခေါ်ယူခဲ့ကြသည်။

အီရတ်နိုင်ငံတစ်ဝန်း၌ ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အီရတ်တပ်ဖွဲ့ဝင် နှစ်သိန်းတို့ကသာ တာဝန်ယူလျက်ရှိသည်။ **(စီအင်န်အင်န်)**

လုံခြုံရေးဆောင်ရွက်

ဘဂ္ဂဒက်မြို့ အယ်ဒိုရာအရပ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်ရန် ရောက်ရှိလာသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မော်တော်ယာဉ်ကို ခုခံရေးသမားတို့ပစ်ခတ် တိုက်ခိုက်

အီရတ်ရဲအရာရှိချုပ် ထိမှန်သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၈

အီရတ်ရဲအရာရှိချုပ်တစ်ဦးသည် ဘဂ္ဂဒက်မြို့တောင်ဘက်တွင် ယနေ့ အလုပ်သို့ကားမောင်းသွားစဉ် လက်နက်ကိုင် ခုခံရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျည်ထိမှန်ပြီး သေဆုံးသွားသည်။

ယခုသတ်ဖြတ်မှုသည် အမေရိကန်တပ်ဖွဲ့များနှင့် ပူးပေါင်းသော အီရတ်တို့ကို တိုက်ခိုက်သတ်ဖြတ်မှုများတွင် နောက်ဆုံးဖြစ်ရပ် ဖြစ်သည်။

ထို့ပြင် ယနေ့၌ပင် အီရတ်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့သည်။

ဒဏ်ရာရခြင်းမရှိဘဲ သူ၏သက်တော်စောင့်ငါးဦး သေဆုံးခဲ့သည်။

ဒုတိယ အသေခံဗုံးခွဲမှုတွင် တိုက်ခိုက်ရေးသမားများက ဘဂ္ဂဒက်တောင်ဘက်ရှိ အမျိုးသားအစောင့်တပ်ရုံးချုပ်ကို တိုက်ခိုက်ခဲ့ကြရာ လူနှစ်ဦးသေဆုံးပြီး ၄၇ဦး ဒဏ်ရာရခဲ့သည်။ **(အင်တာနက်)**

သေဆုံး

အစောပိုင်းကလည်း တရားရေးဝန်ကြီး၏ မော်တော်ယာဉ်တန်း အိမ်မှအထွက်တွင် အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရသော်လည်း တရားရေးဝန်ကြီးမှာ ထိခိုက်

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

တားမြစ်ထားသော လက်နက်များ အီရတ်တွင် မရှိကြောင်း

ဘုရှ်နှင့်ဘလဲ စစ်ပွဲမတိုင်မီကပင် သတိပြုမိသင့်

လန်ဒန် ဇူလိုင် ၂၀

ပိတ်ပင်တားမြစ်ထားသော အီရတ်၏ လက်နက်များနှင့်ဆိုင်သည့် မခိုင်မာသော ထောက်လှမ်းရေးသတင်းများသည် ဆက်ဒမ်ဟူစိန်က အနောက်အုပ်စုအား ခြိမ်းခြောက်သည့် အနေအထားရှိသည်ဆိုခြင်းကို သက်သေမပြနိုင်ကြောင်း၊ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်တို့အနေဖြင့် အီရတ်စစ်မဖြစ်ခင်က သတိပြုမိဖို့သင့်သည်ဟု ယခင် အမေရိကန်လက်နက်စစ်ဆေးရေးအဖွဲ့ အကြီးအကဲ ဒေးဗစ်ကေးက တနင်္ဂနွေနေ့၌ ပြောကြားသည်။

ပြောကြား

မိမိ ပြောကြားသည့်အတိုင်း ဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့သည် ထောက်လှမ်းသတင်း ဖော်ပြချက်ပါ အထောက်အထားသည် စစ်ပွဲဆင်နွှဲဖို့အတွက် ကောက်ချက်မချနိုင်ကြောင်းကို စစ်မဖြစ်ခင်က ပြောဖို့သင့်ကြောင်း ကေးက ဗြိတိန်အိုင်တီဗွီ ရုပ်မြင်သံကြားတွေ့ဆုံခန်း၌ ပြောကြားသည်။

ပိတ်ပင်တားမြစ်ထားသော လက်နက်များသည် စစ်ပွဲဆင်နွှဲဖို့အတွက် တစ်ခုတည်းသော အကြောင်းအချက်သာဖြစ်ခဲ့ကြောင်း၊ သူတို့စိတ်ထဲ၌ ထိုအကြောင်းအရာသည် တကယ်အရေးအကြီးဆုံးတစ်ခု ဖြစ်မည်မထင်ကြောင်း ဒေးဗစ်ကေးက ပြောကြားသည်။

အရေးမကြီး

သို့ဖြစ်ရာ ပိတ်ပင်တားမြစ်ထားသော လက်နက်များဆိုင်ရာ အထောက်အထားနှင့် စပ်လျဉ်း၍ သံသယများသည် သူတို့အတွက်အရေးမကြီးသကဲ့သို့ ကျန်ကမ္ဘာ့နိုင်ငံများအတွက်လည်း အရေးကြီးမည် မထင်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်နှင့်အပေါင်းပါတပ်များက

အီရတ် ၅၀၀၀ကျော်အား

အစစ်ဆေးအမေးမြန်းမရှိဖမ်းဆီးထား

ကင့်မ်ဘာ့ကာ ဇူလိုင် ၁၇

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များက အစစ်ဆေးအမေးအမြန်းမရှိ ဖမ်းဆီးထိန်းသိမ်းထားသူ ၅၂၀၀၏ အခြေအနေကို သုံးသပ်ရာတွင် အီရတ်ကြားဖြတ်အစိုးရ၏ ကိုယ်စားလှယ်များ ဘုတ်အဖွဲ့ အစည်းအဝေး ပြုလုပ်ကြမည် ဖြစ်သည်။

သို့ဖြစ်၍ ဖမ်းထားသူများအား လွှတ်ပေးရေးအတွက် သုံးသပ်မည့် ဘုတ်အဖွဲ့ အစည်းအဝေးပြုလုပ်ရန် တရားရေးဝန်ကြီးဌာနနှင့် လူ့အခွင့်အရေး ဝန်ကြီးဌာနအပြင် အီရတ်ရှိ နိုင်ငံစုံတပ်ဖွဲ့များအား မိမိတို့ တောင်းဆိုခြင်းဖြစ်ကြောင်း ကူဝိတ်နှင့် အီရတ်နယ်စပ်အနီး ကင့်မ်ဘာ့ကာ၌ ၎င်းက ပြောကြားသည်။

အကျဉ်းသား ထောင်ပေါင်းများစွာအား အစစ်အဆေးမရှိ ဆက်လက်ဖမ်းဆီးထားခြင်းကြောင့် အီရတ်တို့သည် ၎င်းတို့၏ဆွေမျိုးသားချင်းများ၊ ချစ်ခင်မြတ်နိုးသူများ လွှတ်မြောက်ရေးအတွက် ပုံမှန်ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

သောကြာနေ့က ကင့်မ်ဘာ့ကာမှ တစ်မိုင်အကွာရှိ အွမ်ကာဆာ အချုပ်စခန်းအပြင်ဘက်တွင် အီရတ်လူမျိုး ၁၀၀၀ခန့်သည် အစစ်ဆေးမရှိ ဖမ်းထားသူများအား လွှတ်ပေးရန် ထိုင်သပိတ်မှောက်ခဲ့ကြသည်။

အမေရိကန်နှင့် အပေါင်းပါတပ်များက ဖမ်းဆီးထားသူ၅၀၀၀ကျော်အနီး ၄၀မျှလောက်ကိုသာ ယခုထိ စစ်ဆေးပြီးစီးခဲ့သည်။ ကျန်ဖမ်းဆီးခံထားရသူများမှာ ၎င်းတို့၏ အမှုကိစ္စကို ယခုထိ မဆုံးဖြတ်ရသေးဘဲရှိသည်။ **(အင်တာနက်)**

ပေါက်ကွဲမီးလောင်

အီရတ်နိုင်ငံ ဘေဂျီမြို့အနီး ရေနံပိုက်လိုင်း ပေါက်ကွဲမီးလောင်နေသည်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်၏ ခရီးသွားလုပ်ငန်း ဝင်ငွေတိုးတက်ရရှိ

ယူရမ်ကီ ဇူလိုင် ၁၉

တရုတ်ပြည်သည် ယခုနှစ်၏ ပထမငါးလတွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဒသမ ၇ဘီလီယံရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် ယင်းကာလကထက် ၃၆ ဒသမ ၆၇ ရာခိုင်နှုန်း တိုးမြင့်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းအဆင့်မြင့် အရာရှိတစ်ဦးက ပြောသည်။

မြင့်တက်

ပင်လယ်ရပ်ခြား ကမ္ဘာလှည့်ခရီးသည် ၄၂သန်းကျော်သည် ယင်းကာလအတွင်း တရုတ်ပြည်သို့ အလည်အပတ်ရောက်ရှိခဲ့သဖြင့် ၂၂ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း တရုတ်အနောက်မြောက် စင်ကျန်အိုင်ဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ကာရှီမြို့၌ ကျင်းပသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲတွင် တရုတ်ခရီးသွားလုပ်ငန်းအသင်းမှ တွဲဖက်ညွှန်ကြားရေးမှူး လင်ရှန်က ပြောကြားသည်။

တရုတ်ပြည်သည် ပင်လယ်ရပ်ခြား ကမ္ဘာလှည့်ခရီးသွားများထံမှ ၁၉၇၈ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂၃၀ရရှိခဲ့ရာမှ ၂၀၀၂ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၄ ဘီလီယံအထိ နိုင်ငံခြားဝင်ငွေ တစ်ဟုန်ထိုး မြင့်တက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗြိတိန်ဝန်ကြီးချုပ်ဘလဲ ရာထူးမှနုတ်ထွက်ပေးရန် ကွန်ဆာဗေးတစ်ပါတီဝင်တို့ ထပ်မံတောင်းဆို

လန်ဒန် ဇူလိုင် ၁၈

ဗြိတိသျှ ကွန်ဆာဗေးတစ်ပါတီဝင်များက တိုနီဘလဲ ရာထူးမှနုတ်ထွက်ပေးရန် အသစ်တစ်ဖန် ထပ်မံတောင်းဆိုလိုက်ကြပြီး အီရတ်ဆိုင်ရာ အဓိက ထောက်လှမ်းရေးသတင်း ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ အဘယ်ကြောင့်မပြောသည်ကို ဖြေရှင်းချက်ပေးရန် တောင်းဆိုလိုက်ကြသည်။

ဘလဲသည် ဗြိတိန်ထောက်လှမ်းရေးသတင်းများအပေါ် အခြေခံပြီး စစ်ပွဲဆင်နွှဲခဲ့သည့်အတွက် ရာထူးမှနုတ်ထွက်သင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဟောင်း ဆာမာကွမ်ရစ်ဖ်ကိုင်းက ပြောကြားသည်။

ရုပ်သိမ်း

ဓာတုနှင့် ဇီဝလက်နက်များ ထုတ်လုပ်သည်ဆိုသော စွပ်စွဲချက်အစီရင်ခံစာ နှစ်ခုကို အားထားယုံကြည်စရာမရှိတော့ကြောင်း အမ် ၁၆ ထောက်လှမ်းရေးအဖွဲ့က ရုပ်သိမ်းခဲ့သည်။

ဟတ်တွန်စုံစမ်းရေးမစမီ ထိုဆောင်ရွက်ချက်ကို နိုင်ငံခြားရေးရုံးနှင့် ပူးတွဲထောက်လှမ်းရေးကော်မတီ (ဂျေအိုင်စီ)တို့အား အသိပေးခဲ့သည်။

မသိခဲ့

သို့သော်လည်း ဩဂုတ်လထဲ၌ လော့ဒ်ဟတ်တွန်သို့ အထောက်အထားများအား ဘလဲကပေးချိန်တွင် ဘလဲသည် ထိုသတင်းကို မသိခဲ့ဟု ဆိုသည်။

(အင်တာနက်)

ပျက်စီး

ဘဂ္ဂဒက်မြို့တောင်ဘက် ဆီဒီယာရဲစခန်း ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများကို စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကိစ္စ မည်သည့်နိုင်ငံခြားသားမျှ ဝင်ရောက်စွက်ဖက်ခွင့်မရှိ

ဟာရာရေး ဇူလိုင် ၂၁

တစ်ပါးတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် မည်သည့်နိုင်ငံခြားသားမျှ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိကြောင်း ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီက ပြောကြားလိုက်သည်။

သမ္မတ ရောဘတ်မူဂါဘီက ပါလီမန်အား မျိုးချစ်စိတ်ထက်သန်ပြီး ပြည်ပကနိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်မစွက်စေရန် စောင့်ကြပ်ဖို့ တိုက်တွန်းခဲ့သည်။

ပြောကြား

ဇင်ဘာဘွေနိုင်ငံ၏ ပဋ္ဌမအကြိမ် ပါလီမန်နောက်ဆုံးအစည်းအဝေးကို အင်္ဂါနေ့၌ တရားဝင်ဖွင့်လှစ်မည်ဖြစ်ရာ အကြိုနေ့၌ သမ္မတ မူဂါဘီက ညှိနှိုင်းပွဲလုပ်ရာ၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တားမြစ်ထား

မိမိတို့ ပြည်တွင်းရေးကိစ္စများတွင် နိုင်ငံခြားသားများအား မည်သည့်အခါမျှ ဝင်ရောက်စွက်ဖက်ခွင့် ပေးမည်မဟုတ်ကြောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၌လည်း အခြားနိုင်ငံ၏ ပြည်တွင်းရေးကိစ္စတွင် ဝင်ရောက်စွက်ခြင်းကို တားမြစ်ထားကြောင်း မူဂါဘီက ပြောကြားသည်။

အီရတ်ကို အမေရိကန်တို့ စစ်ဆင်နွှဲခဲ့မှုအပေါ် ဇင်ဘာဘွေနိုင်ငံက ယခင်ကတည်းက ဝေဖန်ပြစ်တင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦးကို ဇူလိုင် ၁၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တောင်ဘက်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား အင်အားပြင်းထန်၍ လုံခြုံရေးတပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၈

ဘဂ္ဂဒက်တောင်ဘက်ရှိ အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့စစ်တန်းလျား အပြင်ဘက်တွင် ကားဗုံးတစ်လုံး စနေနေ့က ပေါက်ကွဲခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ၂၅ဦးဒဏ်ရာရခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ဘက် ၂၅ မိုင်အကွာရှိ မာမူဒီယာတွင်ရှိသော အမျိုးသားအစောင့်တပ်ဖွဲ့ အဆောက်အအုံရှေ့၌ ပေါက်ကွဲခြင်းဖြစ်ပြီး လူနှစ်ဦးသေဆုံးခဲ့ကြောင်း၊ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်အများ ဒဏ်ရာရကြောင်း ဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံတွင် နှစ်ပတ်နီးပါးကြာမျှ ငြိမ်နေခဲ့ပြီးနောက် ကားဗုံးဖောက်ခွဲမှုများနှင့် လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုများသည် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ပုံအောပြီး ဖြစ်ပေါ်ခဲ့သည်။

ဖြစ်ပွား

ထိုစနေနေ့အစောပိုင်းဂနာရီ ၅၅မိနစ်ဝန်းကျင်၌ ဘဂ္ဂဒက်အနောက်ဘက်တွင် အင်အားပြင်းထန်သော ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ အားလုံးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်ကြောင်း ဖြစ်ပွားရာနေရာရှိ ရဲကပြောကြားသည်။

ပစ်မှတ်ထား

အဆိုပါ ရဲပြောကြားချက်အရ ကားဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်းနှင့် အီရတ်တရားရေးဝန်ကြီး မာလစ်အယ်လ်ဟက်စ်ဆန်ကို ပစ်မှတ်ထားခြင်းဖြစ် ကောင်းဖြစ်နိုင်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အယ်လ်အန်ဘာ တိုက်ပွဲ၌ သေဆုံးခဲ့

ဘဂ္ဂဒက် ဇူလိုင် ၂၁

အီရတ်နိုင်ငံအယ်လ်အန်ဘာပြည်နယ်တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တိုက်ပွဲ၌သေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အဆိုပါ မရိန်းတပ်ဖွဲ့ဝင်သည် အယ်လ်အန်ဘာပြည်နယ်၌ လုံခြုံရေးနှင့် တည်ငြိမ်ရေးဆောင်ရွက်စဉ် ယနေ့ တိုက်ပွဲဖြစ်ပွားရာမှ သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

တည်ရှိ

အယ်လ်အန်ဘာပြည်နယ်သည် ဖော်လူဂျာမြို့ကဲ့သို့ ပေါက်ကွဲလုနီးပါး အခြေအနေအရှိဆုံးမြို့များ တည်ရှိရာ ပြည်နယ်ဖြစ်သည်။

သေဆုံး

မကြာသေးမီက ဖော်လူဂျာမြို့တွင် အဘူမူဆက်အယ်လ်ဇာကာဝီ ပုန်းအောင်းရာနေရာဟု မသင်္ကာသော နေရာများကို အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ လူအများအပြား သေဆုံးခဲ့သည်။

(အင်တာနက်)

အီဂျစ်လူမျိုး ထရပ်ကား ယာဉ်မောင်း ဓားစာခံအဖြစ်မှ ပြန်လွတ်မြောက်လာ

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်နိုင်ငံ၌ အီရတ်ခုခံတိုက်ခိုက်ရေးလက်နက်ကိုင်များ၏ သီတင်းနှစ်ပတ်ကြာ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသော အီဂျစ်လူမျိုး ထရပ်ကားမောင်းသမားသည် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း သိရှိရသည်။

လုပ်ကြံခံရ

ဤတောအတွင်း ဘဂ္ဂဒက်မြို့ ရဲစခန်းတစ်ခုအနီး၌ ပြင်းထန်သော အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ် ယမန်နေ့က ဖြစ်ပွားခဲ့ရာ လူကိုးဦးသေဆုံးခဲ့ကြောင်း၊ အီရတ်တာဝန်ရှိသူများကိုလည်း လုပ်ကြံသတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေးဌာနမှ အကြီးအကဲဖြစ်သူသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့ညက ဘဂ္ဂဒက်မြို့ရှိ ၎င်း၏နေအိမ်အနီး၌ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရကြောင်း၊ ၎င်း၏သက်တော်စောင့်လည်း သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

ထိုအတောအတွင်း အီရတ်ယာယီဝန်ကြီးချုပ် အီယတ်အာလာဝီသည် ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိလျက်ရှိပြီး အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ခိုက်နှိမ်နင်းနိုင်ရေး အကူအညီရရှိရန် ကြိုးပမ်းရှာဖွေလျက်ရှိသည်။ ၎င်း၏ယခုပြည်ပခရီးစဉ်သည် ဝန်ကြီးချုပ်အဖြစ် ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်ပြီး အီဂျစ်နိုင်ငံသို့ ဆက်လက်သွားရောက်မည်ဟု မျှော်လင့်သည်။

(စီအင်န်အင်န်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ ပြန်လည်သုံးသပ်ဆွေးနွေး

☆ *ကျော်ဖုံးမှ*

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌတရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းဌေးနှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

တင်ပြဆွေးနွေး

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာ၌ ယခုအစည်းအဝေးတွင် ၂၀၀၄ ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးရန် ဖြစ်ကြောင်း၊ ထို့ပြင် ညီလာခံရပ်နားထားချိန် ကာလအတွင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အနေဖြင့် လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့ အနေဖြင့်လည်းကောင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြရန် ဖြစ်ကြောင်း၊ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံနှင့်ပတ်သက်၍လည်း ဆောင်ရွက်ဖွယ်ရာများကို တင်ပြဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညီလာခံရပ်နားစဉ် အတွင်း လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့က ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားရန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရာ၌အုပ်ချုပ်မှု ကိစ္စအဝဝ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ငွေကြေးသုံးစွဲမှုအခြေအနေနှင့် ညီလာခံ ကိုယ်စားလှယ်များ ဆေးဝါးကုသမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

အကြံပြုညှိနှိုင်းဆွေးနွေး

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဖြည့်စွက် အကြံပြုညှိနှိုင်းဆွေးနွေးတင်ပြကြ ပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဗဟိုစာရင်းအင်းအဖွဲ့ ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၏၁၂ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်က ဗဟိုစာရင်းအင်းအဖွဲ့ ခြောက်ထပ်ရုံးစည်းဝေးခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်နှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဃ်ာန်းကျွန်းမြို့နယ် လယ်တီဝိပဿနာ ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တအာသဘထံမှ ငါးပါးသီလခံယူကာ ပရိတ်တရားတော်များ နာယူကြပြီး သံဃာတော်အရှင်သူမြတ်များအား ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်နှင့် ဝန်ထမ်းများကဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။**(မြန်မာ့အလင်း)**

ခေတ္တရာအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၃

ခေတ္တရာအသင်း(ရန်ကုန်)(ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ပေါင်းတည်)ကကြီးမှူး၍ရန်ကင်းမြို့နယ် ပဋ္ဌနိကာယ သာသနာ့ ဗိမာန် ကျောင်းတိုက်ပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသ အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီခွဲတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက် ဓာတ်လှေခါးအနီးရှိခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ခေတ္တရာ ခြောက်မြို့နယ်မိသားစုများ တက်ရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ကြောင်းနှင့် ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း- ၂၄၆၄၉၅၊ ၅၀၃၆၆၇၊ ဦးဘိုနီ ဖုန်း- ၇၀၉၀၄၅၊ ဦးဖေကြည် ဖုန်း-၂၈၁၃၅၇၊ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့် (ငြိမ်း) ဖုန်း-၅၂၆၃၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အုပ်ချုပ်ရေးဝန်ထမ်းများပြည်သူနှင့်ပူးပေါင်းပြီးတက်တက်ကြွကြွဆောင်ရွက် အရည်အသွေးမြင့်မားသောလူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင်ပျိုးထောင်

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နည်းပြသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း သင်တန်းခန်းမဆောင်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

သင်တန်းဆင်းပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ သင်တန်းသား နည်းပြများအနေဖြင့် အရည်အချင်း၊ အရည်အသွေးပြည့်ဝသော နည်းပြကောင်းများ ဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားလေ့ကျင့်သွားကြရန်လိုကြောင်း၊ မိမိတို့ ပြည်နယ်၊ တိုင်းများသို့ ပြန်လည်ရောက်ရှိပြီး သက်ဆိုင်ရာခရိုင်အသီးသီး၌ သင်တန်းများဖွင့်လှစ်သည့်အခါတွင်လည်း သင်တန်းသားကို မဏ္ဍိုင်ပြုသင်ကြားသည့် နည်းစနစ်နှင့် ခေတ်မီသင်ထောက်ကူ ပစ္စည်းများ ပြည့်ပြည့်စုံစုံဖြင့် သင်ကြားပို့ချသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အပိုင်းကလည်း စဉ်ဆက်မပြတ်လေ့ကျင့်သင်ယူနေသောလူ့ဘောင်အဖွဲ့အစည်း အဖြစ် တိုးမြှင့်ပုံဖော်နေပြီဖြစ်ရာ မိမိတို့ အုပ်ချုပ်ရေးဝန်ထမ်းများ အရည်အသွေးပြည့်ဝပြီး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှသာလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး အတွက် မိမိတို့အုပ်ချုပ်ရေး ဝန်ထမ်းများသည် ပြည်သူလူထုနှင့်ပူးပေါင်းပြီး တက်တက်ကြွကြွဆောင်ရွက်ရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် သင်တန်းသားပထမ ဆုရရှိသူ ကသအမှတ်(၂၄) ဦးခင်မောင်အား လည်းကောင်း၊ ဒုတိယဆု ရရှိသူ ကသအမှတ်(၃၄) ဦးခင်မောင်ကြည်အား လည်းကောင်း၊ သင်တန်းသူပထမဆုရရှိသူ ကသအမှတ်(၂) ဒေါ်ခင်မေမြင့်အား လည်းကောင်း၊ ဒုတိယဆုရရှိသူ ကသအမှတ်(၁၀) ဒေါ်ဌေးဌေးခိုင်အား လည်းကောင်း ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဆုများ ချီးမြှင့်သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ် ဇူလိုင်လအတွက်နောက်ဆုံးပတ်
(တနင်္ဂနွေနေ့) ၂၅-၇-၂၀၀၄ ရက်နေ့
၂၀၀၄ ခုနှစ် ဩဂုတ်လအတွက်
၁၅-၈-၂၀၀၄ ရက်နေ့နှင့် ၂၉-၈-၂၀၀၄ ရက်နေ့

အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန် အရှေ့ပိုင်းခရိုင် အမျိုးသမီး ရေးရာအဖွဲ့မှ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး ဆိုင်ရာများပညာပေးဟောပြောပွဲအခမ်းအနားကိုဇူလိုင်၁၈ရက်က သဃ်ာန်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဒုတိယဥက္ကဋ္ဌဒေါ်ကြည်ကြည်လွင်က အဖွင့်အမှာစကားပြောကြားပြီး သဃ်ာန်းကျွန်းမြို့နယ် တွဲဖက်မြို့နယ်တရားသူကြီးဒေါ်လှမြင့်၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ခင်ဌေးနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြအုံး(အလိမ္မာ)က အမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များနှင့်အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ ဥပဒေရေးရာများကို လည်းကောင်း ပညာပေးဟောပြောကြသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ရီ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင်၊ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းမြင့်တို့က တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ကြသည်။ **(၀၅၂)**

အခြေခံပန်းအလှပြုပြင်မှုသင်တန်း

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် ၃/၂၀၀၄ ကို ဩဂုတ် ၉ ရက်မှ ၁၇ ရက်အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှညနေ ၃ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်တွင် သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ်အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၃၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၃၅၀၀ စီသတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိအသင်းရုံး၊ ဖုန်း-၃၇၉၃၆၁ သို့ဆက်သွယ်စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၀၈)**

ဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် ထန်းတပင်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ သီလစာရနှင့် ဘဒ္ဒန္တဥက္ကံသ(ဓမ္မာစရိယ)အမှူးထား၍ ဝါတွင်းကာလ၌ ဝါဆိုဝါကပ်မည့် သံဃာတော်အရှင်မြတ်များအား ဝါဆိုသင်္ကန်းများ ဆပ်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက် (ဒုတိယဝါဆိုလပြည့်) စနေနေ့နံနက် ၉နာရီတွင် ထန်းတပင်ကျောင်းတိုက်၌ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းနိုင်ရန် ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းအားဖိတ်ကြားနှိုး ဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၃

ရွှေတိဂုံစေတီတော် သာသနဓမ္မရက္ခိတအသင်းတည်ရှိရာ ဘိုးဘိုးအောင်တန်ဆောင်းတွင် ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ဆရာတော်အရှင်သူမြတ်၁၁ပါးတို့အား ဝါဆိုသင်္ကန်းတော်မြတ် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အသင်းသူအသင်းသားများ ကြွရောက်ကြရန် သာသနဓမ္မရက္ခိတအသင်း အကျိုးတော်ဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဩဂုတ် ၁ ရက်၌ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

(၁၈၇)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့)တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်၁၈၄ မဟာ ဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။

(၁၈၇)ကြိမ်မြောက်တွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၃၀၀ ဆု တစ်ဆု၊ ငွေကျပ် သိန်း ၅၀ ဆု ၂၉ ဆု၊ ငွေကျပ် ၂၅ သိန်းဆု ၁၂ ဆု၊ ငွေကျပ်ခြောက်သိန်းဆု ၆၆၅ဆု၊ ငွေကျပ် ငါးသိန်းဆုနှစ်ဆု၊ ငွေကျပ်လေးသိန်းဆု လေးဆု၊ ငွေကျပ်နှစ်သိန်းဆု ၁၅ ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၇၁ ဆု၊ ငွေကျပ် ရှစ်သောင်းဆု ၂၄ ဆု၊ငွေကျပ် ငါးသောင်းဆု ၁၇၁၀ ဆု၊ ငွေကျပ် လေးသောင်းဆု ၄၆ ဆု၊ ငွေကျပ်နှစ်သောင်းဆု ၃၃၃ ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၇၁၀၀ ဆု စုစုပေါင်း ၂၀၁၁၂ ဆု ဖြစ်သည်။

ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ၆-၈-၂၀၀၄ နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်းနှစ်ပတ်လည်စည်းဝေး အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်းအတွက်ငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း Myanmar ASEAN Women's Friendship Association (MAWFA)၏ တတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ ရှင်ဒိသာပါမောက်ဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယက အဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေး အသင်း နာယကအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်စံယုံ၊ ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဇနီး ဒေါ်လှဲ့လှဲ့ကြည်၊ ဂုဏ်ထူးဆောင်အဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန အရာရှိကြီးများ၏ ဇနီးများနှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံရုံးများမှ အမျိုးသမီး သံအမတ်ကြီး၊ သံအမတ်ကြီးများ၏ ဇနီးများ၊ သံတမန်အဖွဲ့ဝင်များ၏ ဇနီးများနှင့်အသင်း၏အဖွဲ့ဝင်များ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်နှင်းညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အတွင်းရေးမှူး ဒေါ်ခင်နန်းမြင့်က ၂၀၀၃-၂၀၀၄ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးဖြူက ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်း အတည်ပြုကြသည်။ ဆက်လက်၍ ၂၀၀၄ ခုနှစ်အတွက် အမှုဆောင်အသစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းအတွက် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါ်စံယုံက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစောလှမင်း-ဇနီး ဒေါ်ခင်ဆွေယုနှင့် သံရုံးဝန်ထမ်းများက လှူဒါန်းသော အမေရိကန်ဒေါ်လာ ၅၀၀ ကို နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်စံယုံက လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအသင်းက လှူဒါန်းသော ငွေကျပ်နှစ်သိန်းကို ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဇနီး ဒေါ်လှဲ့လှဲ့ကြည်က လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E. Phoebe A. Gomez က အမေရိကန်ဒေါ်လာ ၂၀၀ ကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ အာဆီယံ အမျိုးသမီးများအသင်းကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး၏ဇနီး Mme. Datin May Cheah က အမေရိကန်ဒေါ်လာ ၁၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံရုံးကိုယ်စား သံအမတ်ကြီး၏ ဇနီး Mme. Poh Choode Cruz က ငွေကျပ်တစ်သိန်းကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် အသင်းအလုပ်အမှုဆောင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယက အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် "အာဆီယံသီချင်း"ကို သီဆိုကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသည့် အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ လှုပ်ရှားမှု ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ရှမ်းနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၇)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနက ထုတ်ဝေသည့် ရှမ်းနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၇)ကိုယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။(**ယာပုံ**)

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်သည့်သတင်း၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့် လူငယ်၊ ချစ်နိုင်(စိတ်ပညာ)၏ အနှစ်သာရနှင့် ပေါ်ပင်၊ စန်းနီလာဝင်း၏ လုပ်ငန်းဘကြောင့် အောင်မြင်၊ ကြည်လင်း(ဆေး)၏ 'ဝ'သူများသိရဲ့လား၊ လေလှိုင်း၏ အာဆီယံ၏ စွမ်းအင်ညီလာခံ၊ ချောင်းဆုံအုန်းသွင်၊ မင်းရဲကျော်၊ မောင်မောင်စိုးသက်၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)တို့၏ မှတ်ဖွယ် ဆောင်းပါးများ၊ ကြည်တင့်နိုင်၏ ရွှေပြည်သစ်ကဗျာ၊ ပြည်နယ်၊တိုင်း၊ ခရိုင်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာဖော်ပြပါရှိသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းအတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်စံယုံ လက်ခံရယူစဉ်။ (သတင်းစဉ်)

အဘိဓမ္မာခုနစ်ကျမ်းစာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ဆူးလေစေတီတော် ရင်ပြင် အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ (၃၇)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း (အာဂမ-သဘာဝ)စာတော်ပြန်ပွဲကြီးကို နှစ်စဉ်ကျင်းပမြဲ အစဉ်အလာ အတိုင်း ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက်(စက်တင်ဘာ ၁၁ရက်) မှစ၍ကျင်းပမည်ဖြစ်သည်။ ဝင်ရောက်ဖြေဆိုမည့် ရဟန်းတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များသည် ဝင်ခွင့်ပုံစံများကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာနေ့)ဇူလိုင် ၃၁ရက်(စနေနေ့)မှ စတင် ထုတ်ပေးမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက ဆူးလေစေတီတော် အနောက်ဘက်မုခ်ရှိ အသင်းတိုက် ဖုန်း-၃၇၈၄၅၇၊ ဓမ္မဗိမာန် ဖုန်း-၃၈၀၈၈၃ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်သာယာဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာဓမ္မာရုံတွင် ဂေါပကအဖွဲ့က ကြီးမှူး၍ ဒုတိယဝါဆိုလပြည့်နေ့ နံနက် ၈နာရီတွင် ပြည်သာယာစာသင်တိုက်၊ မြို့ဦးပရိယတ္တိစာသင်တိုက်၊ ရွှေပြည်ဟိန်းကျောင်းတိုက်၊ စွန်းလွန်းရိပ်သာကျောင်းတိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများအား ပင့်ဖိတ်၍ ဝါဆိုသင်္ကန်းဆက်ကပ်ပြီး မွန်းတည့်၁၂နာရီတွင် ဂေါပကအဖွဲ့နှင့် နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဓမ္မစကြာအခါတော်နေ့အခမ်းအနားကျင်းပမည်။

အဘိဓမ္မာ စာအောင်ပုဂ္ဂိုလ်များအား စာအောင်ဆုများ ချီးမြှင့်၍ ဝါတွင်းသုံးလပတ်လုံး တနင်္ဂနွေနေ့ နံနက်တိုင်းတွင် မြို့နယ်အတွင်းရှိ သံဃာအပါး ၃၀၀တို့အား သံဃာ့ဒါန အရဏ်ဆွမ်းလောင်းလှူမည်ဟု သိရသည်။ **(က-ပ)**

ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပန်းတိုင်နှင့် ရည်မှန်းချက်များအကောင်အထည်ဖော်ရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း ကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင်နှင့်ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲအခမ်းအနားကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၂ရက် နံနက်၉နာရီက ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ ညွှန်ကြားရေးမှူး(ပြည်သူ့ကျန်းမာ) ဒေါက်တာစံရွှေဝင်းနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် သက်ဆိုင်ရာစီမံချက် မန်နေဂျာများက ကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင်နှင့်ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု အစီအစဉ်များကို မိမိတို့ကဏ္ဍအလိုက် ဆွေးနွေး တင်ပြကြကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီ လှိုင်မြို့နယ်သည် ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် အဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်ခြင်း၊ အဖွဲ့ဝင် သားသမီးများပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစင်တာမှ ကွန်ပျူတာသင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက်က ကျင်းပရာ ထောက်ပံ့ကြေးငွေ စုစုပေါင်း ကျပ် ၁၁၀၇၀၀၀ ကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးစစ်အေး(ငြိမ်း)က ပေးအပ်စဉ်။ (က-ပ)

ဖြူးကုန်းတောရစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် ဖြူးကုန်းတောရစာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏ(အဂ္ဂမဟာပဏ္ဍိတ) အမှူးရှိသော နာယကစာချစာသင်သံဃာတော်ထေရ်ရှင်မြတ် အပါး၈၀ ကျော်တို့အား ဖြူးကုန်းသံဃာ့ဝေယျာဝစ္စအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ဆက်ကပ်လှူဒါန်းမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့် ဇူလိုင်၃၁ရက်(စနေနေ့) နံနက် ၉နာရီတွင် ကပ်လှူမည်ဖြစ်ရာ သဒ္ဓါကြည်လင် ပါရမီရှင်များ ကြွရောက်ကြည်ညိုပြီး သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၂၀၀၀ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပန်ဆောင်ရွာကြီး မြို့အဆင့်သို့ တင့်တယ်စွာ တက်လှမ်းနိုင်ခဲ့ပြီ

တက္ကသိုလ် မြတ်သူ

စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့နယ်မှ ပန်ဆောင်ဒေသသည် ၂၀၀၂ခုနှစ် အောက်တိုဘာလ ၁၅ရက်မှစ၍ ပန်ဆောင်မြို့အဆင့်သို့ လှမ်းတက်နိုင်ခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်မြောက်ဒေသတွင် ထွန်းတောက်လာသော ကြယ်တစ်ပွင့်ပင် ဖြစ်သည်။

ပန်ဆောင်မြို့သည် ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယနိုင်ငံအရှေ့မြောက်ဘက် လီဒိုမြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့အထိ ဖောက်လုပ်ခဲ့သည့် လမ်းပေါ်တွင် တည်ရှိသည်။ ထိုလီဒိုလမ်းမကြီးဟု လူသိများသော အိန္ဒိယ၊မြန်မာနှင့် တရုတ် သုံးနိုင်ငံဆက် လမ်းမကြီးဖြစ်သည်။ ပန်ဆောင်သည် ဟူးကောင်းတောင်ကြား ခေါ် Pangsau Pass (ပန်ဆောတောင်ကြားလမ်း) အနီးတွင်တည်ရှိသည်။ ကျွန်တော်တို့ငယ်စဉ် တတိယတန်း ပထဝီဝင်ဘာသာရပ်၌ မြန်မာနိုင်ငံ အနောက်ဘက်တွင် တောင်ကြားလမ်းလေးခု (ဟူးကောင်းတောင်ကြားလမ်း၊ မဏိပူရတောင်ကြားလမ်း၊ အမ်းတောင်ကြားလမ်း၊ တောင်ကုတ်တောင်ကြားလမ်း)၊ အရှေ့ဘက်၌ တောင်ကြားလမ်း လေးခု(တာပိန်မြစ်ကြောင်းလမ်း၊ ရွှေလီမြစ်ကြောင်းလမ်း၊ ကွမ်းလုံကူးတို့ဆိပ်လမ်း၊ ကော့ကရိတ်တောင်ကြားလမ်း)ဟူ၍ သင်ခဲ့ရသည်။ ဆရာများက မှတ်မိလွယ်အောင် "ဟူးကောင်းတောင်ကြား မဏိခြား၊ အမ်းကြား တောင်ကုတ်ထိပ်၊ တာပိန် ရွှေလီ ကွမ်းလုံစီ၊ မှတ်ပြီ ကော့ကရိတ်"ဟု ကဗျာစပ်သင်ခဲ့သဖြင့် ယနေ့တိုင် မှတ်မိနေဆဲဖြစ်သည်။

လီဒိုလမ်းမကြီးသည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း ဒေသတို့မှ မြို့ရွာများစွာကို ဖြတ်သန်းသွားခဲ့သည်။ တနိုင်း၊ ကာမိုင်း စသည့်မြို့များသည် လီဒိုလမ်းမကြီးပေါ်တွင် ရှိနေကြသည်။ ဟူးကောင်းဒေသ တစ်ဝိုက်သည် တောင်ကြားလွင်ပြင်ဖြစ်ပြီး မြစ်ချောင်းများ ပေါများလှသည်။ နေရာအများစုမှာ စိမ့်မြေကြီးဖြစ်သည်။ မြစ်များ၊ ချောင်းများသည် မိုးတွင်းအခါ တောင်ကျရေ တစ်ဟုန်ထိုး စီးဆင်းကြ၏။ ထို့ကြောင့်လည်း မြစ်ကြောင်းများ မကြာခဏ ပြောင်းတတ်သည်။

ဟူးကောင်းတောင်ကြားအနီးတွင် တည်ရှိသည့် ပန်ဆောင်မြို့သည် နန်းယွန်းမြို့နယ်အတွင်း ပါဝင်သည်။ ပန်ဆောင်ဒေသသည် ၂၅၇၂၆၂ ဒသမ ၁၀ဧက ကျယ်ဝန်းသည်။ မြောက်လတ္တီတွဒ် ၂၇ ဒီဂရီနှင့် ၂၈ ဒီဂရီအကြား အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီနှင့် ၉၇ဒီဂရီအကြား တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ၃၅၂၀တွင် တည်ရှိသည်။

ပန်ဆောင်မြို့သည် ပတ်ကွိုင်တောင်ကြောပေါ်တွင် တည်ရှိသည်။ အနောက်တောင်ဘက်တွင် အိန္ဒိယနိုင်ငံ အရုနာချယ်ပရာဒေ့ရှ်ပြည်နယ် ချန်လန်းခရိုင် နန်ပေါင်မြို့နှင့် ထိစပ်နေသည်။ အရှေ့ဘက်တွင် နန်းယွန်းမြို့နယ်၊ မြောက်ဘက်တွင် ပူတာအိုမြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။

ပန်ဆောင်မြို့၏ ရာသီဥတုမှာ မြောက်သမပိုင်းဇုန်အတွင်း ကျရောက်ကာ တစ်နှစ်ပတ်လုံး မိုးရွာလေ့ရှိသည်။ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၁၂၀မှ ၁၅၀လက်မအထိရှိသည်။ အနိမ့်ဆုံးအပူချိန် ၈ဒီဂရီစင်တီဂရိတ်မှ အမြင့်ဆုံးအပူချိန် ၃၂ ဒီဂရီစင်တီဂရိတ်အထိ ရှိသည်။

ပန်ဆောင်မြို့သည် ပန်နန်းဒင်မြို့ထက် လူဦးရေများပြားသည်။ ၁၀၀၈၉ ဦး နေထိုင်လျက်ရှိသည်။ လူဦးရေအားလုံး၏ ၉၅ရာခိုင်နှုန်းမှာ နာဂတိုင်းရင်းသားများဖြစ်သည်။ ဗမာ၊ကချင်၊လီဆူး တိုင်းရင်းသားများလည်းရှိသည်။ ကိုးကွယ်မှုတွင် ခရစ်ယာန်ကများသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ အသင့်အတင့်နှင့် ရိုးရာနတ် ကိုးကွယ်သူများလည်းရှိသည်။ လယ်လုပ်ငန်း၊ တောင်ယာလုပ်ငန်းများကို အဓိက လုပ်ကိုင်ကြသည်။

ပတ်ကွိုင်တောင်ကြောပေါ်မှ ပန်ဆောင်မြို့သည်လည်း ပတ်ဝန်းကျင် တိမ်နှင့်တောင်ခိုး ရောယှက်မိုးရာဒေသ၊ တောင်တန်းပြာမှိုင်းမှိုင်းတို့ ကာဆိုင်းထားသောမြို့၊ ဥတုအလိုက်၊ အချိန်အခါအလိုက် အရောင်ပြောင်း အလှဆင်သော တိမ်မိလ္လာတို့၏အလှဖြင့် တန်ဆာဆင်ထားသောမြို့၊ စုံခြေမြိုင်ဆင့်၊ ဂနိုင်တင့်သော တောအလှတို့ ရံဝန်းသောမြို့၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့၏ အလှအပများဖြင့် တင့်ချင်တိုင်းတင့်နေသော မြို့ဖြစ်သည်။ နောင်ယန်းအင်းသည် တောင်ပြာတန်းကို နောက်ခံပြုပြီး ပန်ဆောင်မြို့ကို မြစိမ်းဘယက်ခွက်ပမာ အလှဆင်ပေးလျက်ရှိသည်။

ပန်ဆောင်မြို့တွင် အထက်ရပ်ကွက်၊ အလယ်ရပ်ကွက်၊ အောက်ရပ်ကွက် ဟူ၍ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စုကိုးအုပ်စုနှင့် ကျေးရွာ ၁၈ ရွာရှိသည်။ ထဟောကျေးရွာအုပ်စုတွင် ထဟော ၁၊ ထဟော ၂ ဟူ၍ ကျေးရွာနှစ်ရွာ၊

ယခင်အလယ်တန်းကျောင်းသာရှိရာမှ ယခုအထက်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်း ၁၈ ကျောင်းရှိလာပေပြီ။ (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲခြောက်ခုရှိနေပေပြီ၊ ကျန်းမာရေး ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ပန်ဆောင်မှ နန်းယွန်းအထိ၃၂မိုင်ရှိသည်။ သံပေါင်တံတား တစ်စင်း၊ ဘေလီတံတားတစ်စင်း၊ ကြိုးတံတားသုံးစင်းနှင့် ဒေသလုပ်တံတား၂၀ရှိသည်။ နန်းယွန်းမှ ရှင်ဗွေယန်ကျေးရွာအထိ ၃၂မိုင်ရှိပြီး၊ တစ်လွှာနှစ်ထပ် သံပေါင် ဘေလီတံတားသုံးစင်း၊ ဒေသလုပ်တံတား ၄၈စင်း၊ ကြိုးတံတား နှစ်စင်းရှိသည်။

ပန်ဆောင်မြို့တွင် ဆက်သွယ်ရေးစက်တစ်လုံး၊ လိုင်း၂၀ပါ တယ်လီဖုန်း စက်ခလုတ်ခုံတစ်ခု၊ တပ်ဆင် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအစီအစဉ်ဖြင့် ၃၀ ကေဗွီအေ မီးစက်တစ်လုံးဖြင့် မီးပေးလျက်ရှိသည်။



ဟူလောင်းကျေးရွာအုပ်စုတွင် ဟူလောင်း၊ ယောကွန်၊ နာလင်း၊ ထဟော ၃ ဟူ၍ ကျေးရွာ လေးရွာ၊ လုံလောင်းကျေးရွာအုပ်စုတွင် ပါပုံ၊ ဝပ်ထမ်းနှင့် နာယန်းဟူ၍ ကျေးရွာသုံးရွာ၊ တကိုင်းကျေးရွာအုပ်စုတွင် တကိုင်းရွာ၊ နောင်ဆိုင်တကုန်းကျေးရွာအုပ်စုတွင် နောင်ဆိုင်တကုန်းရွာ၊ နမ္မလစ်ကျေးရွာအုပ်စုတွင် နမ္မလစ်ရွာ၊ နောင်ကုလုကျေးရွာအုပ်စုတွင် နောင်ကုလုရွာ၊ နောင်ယန်းကျေးရွာအုပ်စုတွင် နောင်ယန်း၊ ခမ္မတိုင်၊ လောက်လိုင် ရွာတို့အသီးသီးပါဝင်ကြသည်။

ပန်ဆောင်မြို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ၇၀၂ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၃ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၃ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၂၁ဦး၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်၂၁ဦး ရှိနေပြီဖြစ်သည်။

ယခင်က ပန်ဆောင်ဒေသသည် လူနေကျဲသည်။ စိုက်ပျိုးမြေနည်းပါးသည်။ လမ်းပန်းဆက်သွယ်မှု ခက်ခဲခဲ့သည်။ ယနေ့နိုင်ငံတော်၏ ဆောင်ရွက်စီမံပေးမှုကြောင့် ဖွံ့ဖြိုးရေးရလဒ်များ ဝေဝေစည်စည် ဖြစ်လာသည်။ မြို့အတွင်း ရေစီးသန်သော ချောင်းများရှိနေသဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် အဆင်ပြေသည်။

မြို့ပတ်ဝန်းကျင် အကျယ်အဝန်းမှာ မြေဧက၂၅၇၂၆၂ဒသမ၁၀ဧကဖြစ်ပြီး အသားတင် စိုက်ပျိုးမြေဧကမှာ ၅၇၆၇ ဧက ဖြစ်သည်။ လယ်စပါး ၂၇၁၀ ဧက၊ တောင်ယာစပါး ၂၇၀ဧက၊ ယာမြေ ၂၆၇၅ဧက၊ ဥယျာဉ်မြေ ၁၁၂ဧက စိုက်ပျိုးလျက်ရှိသည်။ သစ်တောဧရိယာ (ကြိုးပြင်) ၁၄၉၁၄၇ဧကရှိသည်။ မြေလွတ်မြေရိုင်း ၂၂၂၉ ဧက၊ အခြားမြေ ၁၀၀၁၂၇ဧက ရှိသည်။

ပန်ဆောင်သည် မြစ်ကြီးနားနှင့် ၂၂၈မိုင်ကွာဝေးသည်။ ပန်ဆောင်ဒေသ၌ ၂-၆-၁၉၉၉ရက်နေ့မှစပြီး စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်နိုင်သော နယ်စပ်ဈေးတစ်ခု ဖွင့်လှစ်ပေးခဲ့သည်။

ယခင်က တိုက်နယ်အုပ်စုကျေးရွာကြီးမျှသာဖြစ်သော ပန်ဆောင်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြို့အဆင့်သို့ ၁၅-၁၀-၂၀၀၂ ရက်နေ့မှစတင် တိုးမြှင့်ဖွဲ့စည်းပေးခဲ့သည်။ ယခင် အလယ်တန်းကျောင်းသာရှိရာမှ ယခုအထက်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်း၁၈ ကျောင်းရှိလာပေပြီ၊ (၁၆) ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲခြောက်ခုရှိနေပေပြီ၊ ကျန်းမာရေး ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ပန်ဆောင်မှ နန်းယွန်းအထိ ၃၂ မိုင်ရှိသည်။ သံပေါင်တံတား တစ်စင်း၊ ဘေလီတံတားတစ်စင်း၊ ကြိုးတံတားသုံးစင်းနှင့် ဒေသလုပ် တံတား ၂၀ရှိသည်။ နန်းယွန်းမှ ရှင်ဗွေယန်ကျေးရွာအထိ ၃၂ မိုင်ရှိပြီး တစ်လွှာနှစ်ထပ် သံပေါင် ဘေလီတံတား သုံးစင်း၊ ဒေသလုပ်တံတား၄၈စင်း၊ ကြိုးတံတားနှစ်စင်း ရှိသည်။ ရှင်ဗွေယန်နှင့် တနိုင်းမြို့ ၄၄ မိုင်ဝေးသည်။ တနိုင်းနှင့် မြစ်ကြီးနား မိုင် ၁၂၀ ကွာဝေးသည်။

ပန်ဆောင်မြို့တွင် ဆက်သွယ်ရေးစက်တစ်လုံး၊လိုင်း၂၀ပါ တယ်လီဖုန်း စက်ခလုတ်ခုံတစ်ခု တပ်ဆင် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအစီအစဉ်ဖြင့် ၃၀ ကေဗွီအေ မီးစက်တစ်လုံးဖြင့် မီးပေးလျက်ရှိသည်။

သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း အထက်တန်းကျောင်း စာသင်ဆောင်တစ်ခု ဆောက်လုပ်ပြီးစီးကာ e-Educationနှင့် စပ်လျဉ်းသည့် ဆက်စပ်ပစ္စည်းများတပ်ဆင်ပြီး ဖြစ်သည်။ အလျား ၇၂ ပေ၊အနံပေ ၃၀၊ အမြင့် ၁၀ပေရှိ ဆေးရုံတစ်ရုံကို ဆောက်လုပ်လျက်ရှိသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၊ ဝန်ထမ်းနေအိမ်တို့ ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ ပန်ဆောင်ငွေတိုက်တည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီးနေသည်။ ရဲတပ်ဖွဲ့စခန်းရုံး၊ လူ ၃၀ဆံ့ လူပျိုအိပ်ဆောင်၊ ခြောက်ခန်းတွဲအိမ်ရာတို့ ဆောက်လုပ်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံဆောက်လုပ်ပြီးစီးသဖြင့် ၁-၆-၂၀၀၄ရက်နေ့မှစပြီး မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များ ထုတ်လွှင့်ပြသလျက်ရှိသည်။ ရုပ်သံဝန်ထမ်းအိမ်ရာ၊ ကြေးတိုင်နှင့်မြေစာရင်းရုံး၊ စိုက်ပျိုးရေးရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံး၊ ဆရာ ဆရာမအိပ်ဆောင်စသည်တို့ကို တည်ဆောက်ပေးလျက်ရှိသည်။

ဉာဏ်တော် ၁၂တောင်မြင့်သည့် စေတီတော်ကို နိုင်ငံတော်၏လှူဒါန်းငွေကျပ် ၁၈သိန်းဖြင့် တည်ထားခဲ့ကာ ၁၇-၃-၂၀၀၄ ရက်နေ့က ထီးတော်တင်လှူပြီးဖြစ်သည်။ သာသနာရောင်ထွန်းလင်းပြောင်ကာ ဖွံ့ဖြိုးတိုးတက်မှု ဝေဝေဆာဆာ ရှိလာသော ပန်ဆောင်မြို့သည် ယခုအခါ နိုင်ငံတော်၏စေတနာ၊ ဒေသခံ တိုင်းရင်းသားများ၏ပူးပေါင်းကြိုးပမ်းမှု၊ ဌာနဆိုင်ရာတို့၏ လုံ့လ၊ ဝီရိယတို့ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြန်မာပြည်အနောက်မြောက်၌ ထွန်းတောက်လာသော ပန်ဆောင်မြို့

ပန်ဆောင်ဒေသတွင် ယခင်က အလယ်တန်းကျောင်းသာရှိရာမှ ယခုအခါ အထက်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်း ၁၈ကျောင်းရှိလာပြီဖြစ်သည်။ ကျောင်းသူကျောင်းသားများ ပညာရည်မြင့်မားစေရန်အတွက် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း အထက်တန်းကျောင်း စာသင်ဆောင်တစ်ခု ဆောက်လုပ်ပြီးစီးကာ **e-Education** နှင့် စပ်လျဉ်းသည့် ဆက်စပ်ပစ္စည်းများတပ်ဆင်ပြီး ဖြစ်သည်။

စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့နယ်မှ ပန်ဆောင်ဒေသသည် ၂၀၀၂ခုနှစ် အောက်တိုဘာလ ၁၅ရက်မှစ၍ ပန်ဆောင်မြို့အဆင့်သို့ လှမ်းတက်နိုင်ခဲ့သည်။ ပန်ဆောင်သည် ဟူးကောင်းတောင်ကြား ခေါ် **Pangsau Pass** (ပန်ဆောတောင်ကြားလမ်း)အနီးတွင် တည်ရှိသည်။

ပန်ဆောင်မြို့သည် ပတ်ကွိုင်တောင်ကြောပေါ်တွင် တည်ရှိသည်။ အနောက်တောင်ဘက်တွင် အိန္ဒိယနိုင်ငံ အရူနာချယ်ပရာဒေ့ရှ်ပြည်နယ် ချန်လန်းခရိုင် နန်ပေါင်မြို့နှင့် ထိစပ်နေသည်။ အရှေ့ဘက်တွင် နန်းယွန်းမြို့နယ်၊ မြောက်ဘက်တွင် ပူတာအိုမြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။

ပန်ဆောင်မြို့တွင် အထက်ရပ်ကွက်၊ အလယ်ရပ်ကွက်၊ အောက်ရပ်ကွက်ဟူ၍ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ကိုးအုပ်စုနှင့် ကျေးရွာ ၁၈ ရွာရှိသည်။



ရုပ်/ သံထပ်ဆင့်လွှင့်စက်ရုံ

ပန်ဆောင်မြို့၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ဆောက်လုပ်ခဲ့စဉ်က အခြေအနေကို ဤသို့ တွေ့ရ သည်။

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ဆောက်လုပ်ပြီးစီးသဖြင့် ၁-၆-၂၀၀၄ ရက်မှစပြီး မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များ ထုတ်လွှင့်ပြသလျက်ရှိသည်။

ပန်ဆောင်မြို့ အထက်တန်းကျောင်း

ပန်ဆောင်မြို့ အထက်တန်းကျောင်းကို ဤသို့တည်ဆောက်ပေးခဲ့သည်။

ကုန်းမြင့်ပေါ်တွင် တည်ဆောက်ပေးထားသောပန်ဆောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အအုံကို တွေ့ရစဉ်။

ဌာနဆိုင်ရာ ရုံးအဆောက်အအုံ

ပန်ဆောင်မြို့တွင် ဆောက်လုပ်လျက်ရှိသည့် ဌာနဆိုင်ရာရုံး အဆောက်အအုံ များကို တွေ့ရစဉ်။

ပန်ဆောင်မြို့ မြင်ကွင်း

စစ်ကိုင်းတိုင်း ပတ်ကွိုင်တောင်ကြော၏ အမြင့်ပေ ၃၅၂၀ ပေါ်တွင် ရှိသည့် ပန်ဆောင်မြို့၏ မြင်ကွင်းကို ဤသို့တွေ့ရသည်။

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၃

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာကေ၊ နာတ်ဝါဆင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နယူးဒေလီမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီးဦးဝင်းအောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး များဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာရာဟူးလ်ကူ လ်ရှုံရက်ရှ(တ်)တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထွန်းနှင့် အထူးအရာရှိ ဦးမင်းသိမ်းတို့လည်း လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ဗုဒ္ဓသက္ကာဆွမ်းလောင်းပွဲတော်ကြီးကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ရတနာမာန်အောင်ကျောင်းတိုက် ဦးစီးနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဦးဝိဇ္ဇာဗလ(ရွှေဖျိုင်းနား)၏ အကြိမ်(၃၀)မြောက် ဗုဒ္ဓသက္ကာ ဆွမ်းလောင်းပွဲတော်ကို ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၈ရက် စက်တင်ဘာ ၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက်၅နာရီတွင် ဆွမ်းလောင်းပွဲကျင်းပမည်ဖြစ်သည်။ ၎င်းပွဲတွင် ပင့်သံဃာအပါး ၃၀၀နှင့် သီလရှင်အပါး၁၅၀တို့အား စာရေးတံမဲနှင့် ဒါတဗ္ဗဝတ္ထုများလောင်းလှူကြပြီး ၎င်းဆွမ်းလောင်းအပြီးတွင် ဆရာတော်ကြီး၏ ကိုယ်စား (၁၁)ကြိမ်မြောက် ကမ္ဘာ့သာသနာပြု ဦးစိန်သာဗလ၏ အံ့ဖွယ်မဍ္ဍူသက ဆုတောင်းပြည့်ဘုရားများကို မဲစနစ်ဖြင့် ပရိသတ်များအား လှူဒါန်းမည်ဖြစ်သည်။ ကိုယ်ပိုင်သီးသန့် ပူဇော်လိုပါက တိုက်အုပ်ဆရာတော်ထံ ဖုန်း–၀၅၃–၂၅၅၅၉ နှင့် ရန်ကုန် ဖုန်း–၀၁–၅၇၇၇၄၅ တို့သို့ ဆက်သွယ်ပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၂၃

သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) ၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင်၂၇ရက် ညနေ ၅နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC) ပြည်လမ်း ရန်ကုန်မြို့တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ရာ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

လာအိုဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၃

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဖုန်ဆာဗတ်ဘိုဖာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ ဇူလိုင် ၂၁ရက် နှင့် ၂၂ရက်တို့တွင် ကျင်းပသော စတုတ္ထအကြိမ် မြန်မာ–လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဖုန်ဆာဗတ်ဘိုဖာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချမ်တာဗီဘိုဟီစိမ်းနှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄–၇–၂၀၀၆ (တနင်္လာနေ့)
(၁၃၆၈ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ရက်၊ ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အကပဒေသာ
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ ဂမုန်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammer Made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၃၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း–၁၁)
၁၄:၀၀ ၆။ ဟူးမွန်လယ်ကွင်းမှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဝတ်မှုန်ကူးပွဲတော်
၁၄:၁၅ ၇။ **"ဒဟတ်ပန်းတစ်ခိုင်"** (မင်းမော်ကွန်း၊ မြသဥ္ဇာလီ) (ဒါရိုက်တာ–မောင်မောင်ဇော်ဝင်း)
၁၄:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၁၇:၁၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှု အက
၁၇:၃၀ ၇။ နားဝင်ပီသံသူ့လက်သံ
၁၇:၃၅ ၈။ တေးဂီတအစီအစဉ်
၁၇:၄၅ ၉။ မြန်မာစာ၊ မြန်မာစကား
၁၇:၅၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၂၀ ၁၁။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Discovery
၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း–၃၁)
၁၉:၄၅ ၁၆။ သာယာငြိမ်းချမ်း စိမ်းလန်းစိုပြည်ရန်ကုန်မြေ(အပိုင်း–၂)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသောအချစ်"** (အပိုင်း–၉)
၂၁။ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

သံလွင်၊ ချင်းတွင်းနှင့် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၂၃

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၇၃၆စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ကိုးပေခန့်၊ ဟုမ္မလင်းမြို့တွင် လေးပေခန့်၊ မော်လိုက်မြို့တွင် လေးပေခွဲခန့်၊ ကလေးဝမြို့တွင် သုံးပေခန့်နှင့် မုံရွာမြို့တွင် ပေဝက်ခန့် စိုးရိမ်ရေမှတ်များအထက်တွင် တည်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်းသိရသည်။

ဧရာဝတီ မြစ်ရေသည် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်သို့ ကျော်လွန် ရောက်ရှိနေခဲ့သည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ဇူလိုင် ၁၇ရက်က ဗဟန်း အမက(၁၂)တွင် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးပြုလုပ်သည့် ငါးထပ်ကြီးတောင်ရပ်ကွက် သက်ကြီးအဘိုးအဘွားများအား မျက်စိအထူးကုဆရာဝန်ကြီးနှင့် အထွေထွေရောဂါကုဆရာဝန်ကြီးတို့က အခမဲ့ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးစဉ်။ (က–ပ)

စူပါသတင်းဂျာနယ်ဖြန့်ချီ

ရန်ကုန် ဇူလိုင် ၂၃

ရုပ်ရှင် အနုပညာချစ်သူများ အကြား လှုပ်ရှားဂယက်ရိုက်ခတ်နေသော လူမင်းနှင့် ခင်စပယ်ဦးတို့၏ လက်ထပ်မင်္ဂလာ လက်မှတ်ထိုးပွဲ သတင်းနောက်ဆက်တွဲအဖြစ် ခင်စပယ်ဦး ပြောတဲ့ လူမင်းအကြောင်း၊ အကယ်ဒမီလွင်မိုးရဲ့ ဒီဗီဒီအပေါ် သဘောထား၊ ဖြစ်ချင်တာထက် ကျော်ပြီး မှန်းထားတဲ့ပုလဲဝင်း၊ ကျားခင်စိန်မြေး ရုပ်ရှင်ရိုက်မယ်ဆိုလို့၊ စူပါမောင်နမဘယ်လိုတွဲမလဲ၊ ကျော်ရဲအောင်နဲ့ ခိုင်သင်းကြည်တို့စရိုက်မယ့် "ဆု" ဗီဒီယိုထုတ်လုပ်ရေး၊ မျိုးကျော့မြိုင်ရဲ့ သူ့ဘဝ သူ့အတွေး သူ့အနုပညာ၊ Wanted ရဲ့ ရောင်ခြည်သီချင်းများနှင့် မျိုးကိုမျိုးရဲ့ ဩော် --လူ--လူ ဟာသဝတ္ထု အပါအဝင် ရုပ်ရှင်ဗီဒီယို သရုပ်ဆောင် သင်းသင်းယုလှိုင်၏ စတိုင်လ် အလှရောင်စုံဓာတ်ပုံတို့ဖြင့် စူပါသတင်းဂျာနယ် အမှတ်(၂၃)ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁ ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က–ပ)**

ရှင်သာမဏေဓမ္မပိမာန် ကပ္ပိယကာရကသင်တန်း

ရန်ကုန် ဇူလိုင် ၂၃

ပစ္စည်းလေးပါးနှင့် စပ်သော သာသနာ့ဗဟုသုတနှင့် လိုက်နာဖွယ်တို့ကို နားလည်၍ အပ်အပ်စပ်စပ် စောင့်ရှောက်ခြင်းဖြင့် သံဃာတော်များ သာသနာ့တာဝန်ကို ထမ်းဆောင်ရာတွင် အထောက်အကူပြုနိုင်ရန် ကပ္ပိယကာရကသင်တန်းကို ရှင်သာမဏေ ဓမ္မပိမာန်သာသနာ့ဝန်ဆောင်အဖွဲ့ကဓမ္မဒါန ဖွင့်လှစ်မည်ဖြစ်ပြီး ဩဂုတ် ၁ရက်မှစ၍ စနေ၊တနင်္ဂနွေ နေ့တိုင်း ညနေ၃နာရီတွင် ပိဋကတ်ပညာရှင်များက ပို့ချပြီး လက်တွေ့ကို သံဃာတော်များဩဝါဒဖြင့်လေ့ကျင့်ဆောင်ရွက်မည်ဖြစ်ရာ ရှင်သာမဏေ ဓမ္မပိမာန် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့မုခ်တွင် စာရင်းပေးတက်ရောက်နိုင်ကြောင်းသိရသည်။ **(က–ပ)**

ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၃

တောင်ဥက္ကလာပ မြို့နယ် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီးတွင် ဂေါပကအဖွဲ့က ကြီးမှူး၍ ဩဂုတ် ၃ ရက်မှ ၉ရက်အထိ (၉)ကြိမ်မြောက် ဝိပဿနာတရားစခန်းပွဲကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာ ပုဗ္ဗာရာမအရှေ့ကျောင်း မိုးကုတ်ဝိပဿနာရိပ်သာအဖွဲ့ခွဲ အမှတ်(၂၉၁)၏ ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက(ကညင်ကုန်း) ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်တရားတော်များ ဟောကြားပြသ၍ ဓမ္မဒါန ပြုမည်ဖြစ်ရာ ယောဂီများနှင့် ဆွမ်းအလှူရှင်များ ဂေါပကအဖွဲ့ရုံး ဖုန်း–၅၆၆၆၃၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

လောက်ကိုင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ရန်ကုန် ဇူလိုင် ၂၃

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)မှ အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ရက်တွင် လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းမြို့သစ်အနီးရှိ ဟော်ဖျင်ချိုင်ကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ စုဆောင်းထားရှိကြောင်းသတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ လောက်ကိုင်မြို့နေ ဦးရန်ချိန်လူ၏သား စစ်လောင်ချိန်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၅၄၄၀၀၀၊ အက်ဖီဒရင်း ၂၈ကီလိုနှင့်အတူ ဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဇူလိုင် ၂၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေကြောင်းသိရသည်။

ဇူလိုင်၂၄ရက်ညနေအထိ ခန့်မှန်းချက်အရ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ထိ တိုက်ခတ်နိုင်ပြီး လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲဝင်မည့် အားကစားအဖွဲ့ အား တွေ့ဆုံမှာကြား

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇူလိုင် ၂၈ရက်မှသြဂုတ် ၂ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် (၁၂)ကြိမ်မြောက် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာဂျူဒိုအားကစားအဖွဲ့ဝင်များအား တွေ့ဆုံသည့်အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမတွင်ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဝန်ကြီးအား ပြိုင်ပွဲဝင်အဖွဲ့ခေါင်းဆောင် အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများမိတ်ဆက်ပေးပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှသောင်းမြင့်(ညွှန်ကြားရေးမှူးချုပ်-ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန) နှင့်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးစောရွှေ (ကျောင်းအုပ်ကြီး၊အမှတ်(၂)အရာခံနှင့်အကြပ်ကြီးသင်တန်းကျောင်း-ရဲမွန်၊ကာကွယ်ရေးဝန်ကြီးဌာန)တို့က ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ပါဝင်ယှဉ်ပြိုင်မည့် မြန်မာဂျူဒိုအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယဗိုလ်မှူးကြီးစောရွှေ (ကျောင်းအုပ်ကြီး၊အမှတ်(၂)အရာခံနှင့်အကြပ်ကြီးသင်တန်းကျောင်း-ရဲမွန်၊ကာကွယ်ရေးဝန်ကြီးဌာန)က ဆောင်ရွက်ပြီး အုပ်ချုပ်သူနှင့်ဒိုင်အဖြစ် ဒေါ်ခင်မူမူ(ဆောက်လုပ်ရေး)၊ နည်းပြအဖြစ် ဗိုလ်ကြီးသန်းမောင် အမှတ်(၂၁၄) ခြေမြန်တပ်ရင်း ရဲမွန်(ကာကွယ်ရေးဝန်ကြီးဌာန)တို့ ပါဝင်ပြီး အားကစားသမားများမှာ အနုတ် ၄၅ ကီလိုတန်းတွင် နွယ်နွယ်ဆန်း(စက်မှု-၁)၊ အနုတ် ၅၂ ကီလိုတန်းတွင် အေးအေးအောင် (သစ်တော)၊ အနုတ် ၅၇ ကီလိုတန်းတွင် အေးအေးသင်း (စက်မှု-၁)၊ အနုတ် ၆၃ ကီလိုတန်းတွင် အေးအေးအောင် (စက်မှု-၁)၊ အနုတ် ၅၅ ကီလိုတန်းတွင် အောင်ထွန်းကျော် (သစ်တော) နှင့် အနုတ် ၇၃ ကီလိုတန်းတွင် ရန်နိုင်စိုး(စက်မှု-၂)တို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

(မြန်မာ့အလင်း)

* *ကျောဖုံးမှ*

လူငယ်ဘောလုံးပြိုင်ပွဲကို ဇူလိုင်၂၄ရက် (ယနေ့) ညနေပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ စတင်ကျင်းပမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပွဲဦးထွက်ပွဲစဉ်အဖြစ် အုပ်စု(က)မှ အိမ်ရှင်ဧရာဝတီတိုင်းအသင်းနှင့် လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

အုပ်စုပွဲစဉ်များ

ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းများမှ ၁၆သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ဇုန်လေးဇုန်ခွဲ၍ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲထားမှုအရ အုပ်စု(က)တွင် အိမ်ရှင်ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် လက်ရှိချန်ပီယံ မန္တလေးတိုင်းတို့ပါဝင်ပြီး ပုသိမ်မြို့၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(ခ)တွင် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ပါဝင်ပြီး မြောင်းမြမြို့၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အုပ်စု(ဂ)တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ ပါဝင်ပြီး ဟင်္သာတမြို့၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အုပ်စု(ဃ)တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တနင်္သာရီတိုင်း၊ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့ ပါဝင်ပြီး မအူပင်မြို့၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ကွာတားဖိုင်နယ်

ပထမအဆင့် အုပ်စု ပွဲစဉ်များ သြဂုတ် ၁ရက်တွင် ပြီးဆုံးမည်ဖြစ်ရာ အုပ်စုပထမနှင့် ဒုတိယရသောအသင်းများ ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့် ရရှိကြမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို သြဂုတ် ၄ ရက်နှင့် ၅ရက်တို့တွင် ပုသိမ်မြို့နှင့် ဟင်္သာတမြို့ နှစ်နေရာခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲကို ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပထမအကြို ဗိုလ်လုပွဲကို သြဂုတ် ၇ရက်တွင် လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲကို သြဂုတ် ၈ ရက်တွင် လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို သြဂုတ် ၁၀ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ငွေသားဆုချီးမြှင့်မည်

နောက်ဆုံးဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ငွေသားဆုများလည်း ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ပထမဆုအဖြစ် ငွေကျပ် ငါးသိန်း၊ ဒုတိယဆုအဖြစ် ငွေကျပ် သုံးသိန်း၊ ပူးတွဲ တတိယဆုအဖြစ် ငွေကျပ် နှစ်သိန်း၊ အသန့်ရှင်းဆုံးအသင်းဆုအဖြစ် ငွေကျပ် ငါးသောင်း သတ်မှတ်ထားပြီး ပွဲစဉ်အလိုက် အကောင်းဆုံးဆုအဖြစ် ငွေကျပ် ငါးထောင် ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင် အသင်းများကို ပွဲတစ်ပွဲကစားပြီးတိုင်း ငွေကျပ် တစ်သောင်းစီ ပေးအပ်သွားမည်ဟု သိရသည်။

ယခင်နှစ်ပြိုင်ပွဲများ၌ ချီးမြှင့်ခဲ့သည့် ပွဲစဉ်တစ်လျှောက် နေရာအလိုက်အကောင်းဆုံးများ၊ အကောင်းဆုံး ဒိုင်လူကြီးဆု၊ အကောင်းဆုံး အုပ်ချုပ်သူဆု၊ အကောင်းဆုံး နည်းပြဆု၊ အကောင်းဆုံးစည်းကမ်းလိုက်နာသူဆုနှင့် အကောင်းဆုံး သတင်းရေးသားနိုင်သည့် ကလောင်ရှင်ဆုများ ပါဝင်ခြင်းမရှိကြောင်း သိရသည်။

ဆက်သွယ်မေးမြန်း

၂၀၀၄ခုနှစ် ပဉ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း (လူသစ်တန်း) အသက် ၂၁ နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဧရာဝတီတိုင်းမှ တိုင်းအားကစားမှူး ဦးတင်မောင်ရီ(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)အား မြန်မာ့အလင်းက ဆက်သွယ်မေးမြန်းခဲ့ပါသည်။

ဧရာဝတီတိုင်းအားကစားမှူး ဦးတင်မောင်ရီက "၂၀၀၄ခုနှစ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း (လူသစ်တန်း) ဘောလုံးပြိုင်ပွဲကို မူလက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ကျင်းပရန် စီစဉ်ထားခဲ့ကြောင်း၊ သို့သော် နောက်ပိုင်း၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အစား ဧရာဝတီတိုင်း၌ ပြောင်းလဲကျင်းပရန် သတ်မှတ်ခဲ့ကြောင်း၊ ဧရာဝတီတိုင်း၌ လက်ခံကျင်းပရန် ဆုံးဖြတ်ချက်ပေါ်ထွက်လာချိန်တွင် မိမိတို့အနေဖြင့် ပြင်ဆင်ချိန် နှစ်လခန့်သာ ရရှိခဲ့ကြောင်း၊ ပြိုင်ပွဲကျင်းပမည့် ဘောလုံးကွင်းများကို ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း၊ ကွင်းဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၁၀၀နှုန်း ကောက်ခံမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများ၏ အသွားအပြန်ခရီးစရိတ်များကို အားကစားဝန်ကြီးဌာနမှ ကျခံပေးမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြိုင်ပွဲဝင်အသင်းများအား ထမင်းတစ်နပ်လျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် စားသောက်နိုင်ရန် ညှိနှိုင်းစီစဉ်ပေးမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်ချက်ပြုတ်စားသောက်မည်ဆိုပါကလည်း ဟင်းချက်စရာများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးရန် စီစဉ်ထားကြောင်း၊ ဒိုင်လူကြီးများကို ပွဲလုပ်ရသည်ဖြစ်စေ၊ မလုပ်ရသည်ဖြစ်စေ တစ်နေ့လျှင် ထမင်းဖိုးနှင့် တည်းခိုစရိတ်မပါ ငွေကျပ် ၅၀၀နှုန်း ပေးမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဗိုလ်စွဲထား

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့် တိုင်း(လူသစ်တန်း) ဘောလုံးပြိုင်ပွဲ လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်ရာ စစ်ကိုင်းတိုင်းအသင်းက နှစ်ကြိမ်၊ မန္တလေးတိုင်းက နှစ်ကြိမ် ဗိုလ်စွဲထားသည်။ ပြီးခဲ့သည့် ပြိုင်ပွဲလေးကြိမ်စလုံးကို စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုနှင့် ကသာမြို့များ၌သာ ကျင်းပခဲ့ခြင်းဖြစ်သည်။ အထက်မြန်မာပြည် စစ်ကိုင်းတိုင်း၌ ကျင်းပခဲ့စဉ်က အထက်မြန်မာပြည်မှ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့သာ တစ်လှည့်စီ ဗိုလ်စွဲနိုင်ခဲ့ကြရာ အောက်မြန်မာပြည်၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက်ပြိုင်ပွဲတွင် မည်သူဗိုလ်စွဲမည်ကို စောင့်ကြည့်ကြရမည် ဖြစ်သည်။

မျိုးဆက်သစ်များမွေးထုတ်

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း (လူသစ်တန်း) ဘောလုံးပြိုင်ပွဲကို ၂၀၀၀ပြည့်နှစ်မှ စတင်၍ ကျင်းပခဲ့ခြင်းဖြစ်ရာ ယခုဆိုလျှင် ပဉ္စမအကြိမ်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ပြိုင်ပွဲကို မြန်မာ့ဘောလုံးလောကအတွက် အဓိကအထောက်အကူပြုပေးနိုင်မည့် လူငယ်သွေးသစ်ဘောလုံးသမားများ ပေါ်ထွက်လာစေရန်၊ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ မီးခဲပြာဖုံး ဘောလုံးသမားများ ဖော်ထုတ်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့် တိုင်း(လူသစ်တန်း) ဘောလုံးပြိုင်ပွဲမှ မွေးထုတ်ပေးလိုက်သော စစ်ကိုင်းတိုင်းမှ ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)နှင့် သန်းဝဏ္ဏအောင်(မြို့တော်စည်ပင်)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မာလ(စီးပွား/ကူးသန်း)၊ မန္တလေးတိုင်းမှ ဘိုဘိုအောင်(စီးပွား/ကူးသန်း)တို့သည် လူငယ်လက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်လာကြသည်။

မွေးထုတ်

ထို့အပြင် ချမ်းချမ်း (စီးပွား/ကူးသန်း)၊ အေးစန်း(တံခွန်)နှင့် အောင်မိုးသူ(ပြည်ထဲရေး)တို့သည် ပြည်နယ်နှင့်တိုင်း (လူသစ်တန်း)ပြိုင်ပွဲများမှ မွေးထုတ်ပေးလိုက်သူများ ဖြစ်ကြသည်။

ပင်မအခြေခံ

ပြည်နယ်နှင့်တိုင်း(လူသစ်တန်း) ဘောလုံးပြိုင်ပွဲများတွင် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားဖူးခြင်းမရှိသူများကိုသာ ပါဝင်ယှဉ်ပြိုင်ကစားခွင့်ပြုပြီး အသက်၂၁နှစ်နှင့်အောက် အားကစားသမားများသာ ပါဝင်ခွင့်ရသည်ဖြစ်ရာ မျိုးဆက်သစ်ဘောလုံး သမားများ မွေးထုတ်ပေးရာ ပင်မအခြေခံပြိုင်ပွဲတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကျောက်တန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၃

ကျောက်တန်းမြို့နယ်အသင်း၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ သြဂုတ် ၁၄ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ ကျောက်တန်းမြို့နယ်သူ မြို့နယ်သားများ တက်ရောက်လှူဒါန်းပူဇော်ကြရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းပူဇော်လိုသည့် ပုဂ္ဂိုလ်များ နာယကရဲမှူးကြီး (ငြိမ်း) ဦးစိန်ထွန်းအောင် ဖုန်း-၅၄၅၇၀၃၊ ၅၇၀၈၅၉၊ ဥက္ကဋ္ဌ ဒေါက်တာဦးစိုးတင့် ဖုန်း-၆၀၀၁၅၄၊ အတွင်းရေးမှူးဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)



အကြိမ်(၃၀)မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အကြိမ် (၃၀) မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁နာရီက ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အမှုဆောင်များ၊ ဝန်ကြီးဌာနများမှ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင် စစ်တုရင်အားကစားသမားများ တက်ရောက်ကြသည်။

အမှာစကားပြော

အခမ်းအနားတွင် ယမန်နှစ်ပြိုင်ပွဲမှပထမရရှိသူများက ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းက လက်ခံရယူပြီး အမှာစကားပြောကြားသည်။**(အပေါ်ပုံ)** ဆက်လက်၍ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၄ သင်းပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ငါးသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ခြောက်သင်း၊ လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ငါးသင်း၊ သစ်တောရေးရာဝန်ကြီးဌာနမှ သုံးသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တစ်သင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နှစ်သင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ နှစ်သင်း စုစုပေါင်း ၂၄ သင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၁၄၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို သြဂုတ် ၃ရက်အထိ ဆက်လက်ကျင်းပမည်ဟု သိရသည်။

(မြန်မာ့အလင်း)

အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေးအခြေခံသင်တန်း အမှတ်စဉ်(၂၀/၂၀၀၄)မှ သင်တန်းသားများအား ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)မှ ဒုတိယအကြိမ် ထုတ်ဝေသည့် တန်ဖိုးကျပ်သုံးသောင်းဖိုးရှိ ဆီမီး ၉၉၀၀၊ မင်္ဂဇင်းအုပ်ရေ၁၀၀ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၈ရက်က သင်တန်းခန်းမ၌ ကျင်းပရာ ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူ-စိုးဝင်း)၊ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် အမှုဆောင်များက ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်ဦးသူရိန်၊ အတွင်းရေးမှူး ဦးတင့်လွင်နှင့် သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်စဉ်။

(က-ပ)

24-7 (11).p65 1 03/25/1905, 10:54 PM

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာ့ဘောလုံးအားကစားမြင့်မားရေး ဘောလုံးများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာ့ဘောလုံးအားကစားတိုးတက်မြင့်မားရေးအတွက် ဘောလုံးများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်၍ ဘောလုံးများ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။ ယင်းနောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဘောလုံးများ ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာနကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်မှုအဖွဲ့ ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်း၊ အဆင့်မြင့်တန်းအသင်းများ ကိုယ်စား ဘဏ္ဍာ/အခွန်အသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းအသင်းများကိုယ်စား စီးပွား/ကူးသန်းအသင်း လက်ထောက်အုပ်ချုပ်သူ ဦးမြင့်သိန်း၊ ပြည်နယ်နှင့် တိုင်း အားကစားနှင့် ကာယပညာကော်မတီများကိုယ်စား ပဲခူးတိုင်း အားကစားမှူး ဦးမျိုးမြင့်အောင် (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် (မန္တလေး) တို့ကိုယ်စား ဦးမောင်ဝင်း(ညွှန်ကြားရေးမှူး၊ အား/ကာ) တို့က လက်ခံရယူကြသည်။

ဆက်လက်၍ အင်အားအားကစားဂျာနယ်မှဦးဆောင်နာယက ဦးကျော်ငြိမ်းက မြန်မာ့ဘောလုံးအားကစားသမိုင်းစာအုပ်များ ပေးအပ်လှူဒါန်းရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်သည်။ ထို့နောက် တက်ရောက်လာကြသူများကိုယ်စား ရန်ကုန်တိုင်း အားကစားမှူး ဦးလှဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဘောလုံးများ ပေးအပ်လှူဒါန်းရာတွင် ပညာရေးဝန်ကြီးဌာနအတွက် အလုံး ၁၀၀၀၊ တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်မှုအဖွဲ့အတွက် အလုံး ၅၀၀၊ အဆင့်မြင့်တန်း ဘောလုံးအသင်း ၁၆ သင်းအတွက် တစ်သင်းလျှင် အလုံး၂၀ နှုန်းဖြင့် စုစုပေါင်း အလုံး ၃၂၀၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း အသင်းများအတွက် တစ်သင်းလျှင် ၁၅ လုံးနှုန်းဖြင့် စုစုပေါင်း ၅၈၅ လုံး၊ ပြည်နယ်နှင့်တိုင်း အားကစားနှင့်ကာယပညာကော်မတီ ၁၆ ခုအတွက် ကော်မတီတစ်ခုလျှင် အလုံး ၃၀၀ နှုန်းဖြင့် စုစုပေါင်းအလုံး ၄၈၀၀၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် မန္တလေးတို့အတွက် တစ်ကျောင်းလျှင် အလုံး၅၀နှုန်းဖြင့် စုစုပေါင်းအလုံး ၁၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဇူလိုင် ၂၁ ရက်က တာမွေမြို့နယ် မလွကုန်းဌေးကြွယ် (က)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကြီးမှူး၍ (၁၁)ကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ရပ်ကွက်ရုံးတွင် ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှခိုင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြေအောက်ပင်မရေပိုက်လိုင်းလဲလှယ်ခြင်းလုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် သောက်သုံးရေ ပိုမိုရရှိရေးနှင့် သန့်ရှင်းမှုရှိစေရေးတို့အတွက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းအကြား ၃၄ လမ်း၌ မြေအောက်ပင်မ ရေပိုက်လိုင်းလဲလှယ်ဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အသင်းအတွင်းရေးမှူးတို့က နှစ်ပေါင်း ၁၀၀ ကျော်ကြာမြင့်ပြီးဖြစ်သည့် မြေအောက်ပင်မရေပိုက်ဟောင်း CI ကို အချင်း ၆ လက်မရှိ ဆေးကြောသန့်စင် ပြုပြင်ပြီး CI ပိုက်များဖြင့် လဲလှယ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြသကြသည်။ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က ရေပြုန်းတီးမှု မရှိစေရေး၊ ပြည်သူများ ရေရယူသုံးစွဲရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးနှင့် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန် ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် စွန်းလွန်းဂူကျောင်းလမ်း လမ်းသွယ်(၁) အမှတ်-၉ နေ ဦးလှချစ်တင်-ဒေါ်ကြည်ယဉ် မိသားစု၊ ဒေါက်တာစိန်ဝင်း-ဒေါက်တာတင်မိုးသူ၊ သမီး-မခိုင်ဇင်ဝင်း မိသားစုနှင့် ဒေါက်တာတင်ဟန်ထွေးတို့က ဆေးပဒေသာပင် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဇူလိုင် ၂၁ ရက်က ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် "ဘုရားကြီး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်" ဖွင့်ပွဲကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသက်မင်းအေးနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

မနောရမကျောင်း ရေစက်ချအလှူ

ရန်ကုန် ဇူလိုင် ၂၃

သဃ်န်းကျွန်းမြို့နယ် ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက်တွင် မနောရမတိုက်ကျောင်း ရေစက်ချအလှူပွဲကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်ဟု သိရသည်။

(က-ပ)

မစိုးရိမ်ရွှေကျောင်တိုက်သစ်(ရှစ်မိုင်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၃

ကျေးဇူးရှင် ရှစ်မိုင်-မစိုးရိမ်ဆရာတော်ကြီး စံလွန်တော်မူသည့် (၁၃)နှစ်မြောက်အထိမ်းအမှတ် ကျေးဇူးဆပ်ပူဇော်ပွဲနှင့် ရန်ကုန်မြို့ ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်တိုက်သစ်၌ ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဉာဏာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော စာချ၊ စာသင်သံဃာတော် ၁၁၅ ပါးနှင့် ပင့်သံဃာတော် ၃၅ ပါးတို့အား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲ အခမ်းအနားကို (၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်) ဩဂုတ် ၈ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းလိုသူ အလှူရှင်များသည် သင်္ကန်းဒွိစုံ ကျပ် ၃၀၀၀ နှုန်းဖြင့်ဖြစ်စေ၊ မိမိတို့အစီအစဉ်ဖြင့်ဖြစ်စေ ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်တိုက်သစ် ဖုန်း-၆၆၂၂၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၃

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ်၁၂ စဥ့်အိုးတန်းလမ်း လသာမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသင်း၏ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဝါးခယ်မနွယ်ဖွား သံဃာတော် ၁၆ ပါးတို့အား သင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော မြို့နယ်သားများသည် သံဃာတော် တစ်ပါးလျှင် သင်္ကန်းနှင့် ဆွမ်းအတွက် အလှူငွေကျပ် ၃၅၀၀ ကို အသင်းတိုက် ဖုန်း-၂၂၆၅၉၀ သို့ ဩဂုတ် ၁၉ ရက် နောက်ဆုံးထား၍ ဆက်သွယ် လှူဒါန်းနိုင်ကြသည်။ ဝါးခယ်မမြို့တွင် ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့)၌ သကျမဟာသီရိဘုရားကြီး ရေကြည်တော်ဝတ်အသင်းက ဦးစီး၍ မြို့နယ်လုံးကျွတ် ကျင်းပမည့် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ပါဝင်လှူဒါန်းလိုပါကလည်း အသင်းတိုက်သို့ သင်္ကန်းတစ်စုံလျှင် အလှူငွေကျပ် ၃၀၀၀ နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဇူလိုင် ၂၈ ရက်နောက်ဆုံးထား ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဇူလိုင် ၁၁ ရက်က ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ်နေ့အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို လှိုင်သာယာမြို့နယ် အထက(၂) ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေး ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ များ စုပေါင်း သစ်ပင်စိုက်ပျိုးကြရာ မြို့နယ်ပညာရေးမှူး ဦးတင်မောင် ကြည့်ရှုအားပေးစဉ်။ (၁၈၀)

ဇီဝိတဒါန သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

ဆုထူးပန် အဘိဓမ္မာထွန်းကားပြန့်ပွားရေးအသင်း ဆရာကြီးဦးဟန် ဦးဆောင်မှုဖြင့် သင်တန်းသား သင်တန်းသူ ၉၂ ဦးတို့က ဇူလိုင် ၁၉ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဗဟိုအမျိုးသား သွေးလှူဘဏ်၌ ဇီဝိတဒါန သွေးလှူဒါန်းကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က-ပ)

အုပ်စု(ဂ)မှ ဥဇဘက်ကွာတားဖိုင်နယ်တက်ရန်သေချာပြီ
အိုမန်နှင့်အီရန်၊ ထိုင်းနှင့်ဂျပန်တို့ ယနေ့ယှဉ်ပြိုင်ကစားကြမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၂၃

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ဒုတိယအဆင့် ပြိုင်ပွဲများကို ဆက်လက်ကစားလျက်ရှိရာ အုပ်စု(ဂ)မှ တာ့ခ်မီနစ္စတန်နှင့် အီရတ်၊ ဥဇဘက်နှင့် ဆော်ဒီအာရေဗျတို့ တရုတ်နိုင်ငံ ချန်ဒူးမြို့ စီချွမ်စပေါ့စင်တာကွင်း၌ ဇူလိုင် ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် အီရတ်နှင့် ဥဇဘက်အသင်းတို့ အနိုင်ရရှိခဲ့ကြသဖြင့် အုပ်စု(ဂ)၌ ဥဇဘက်က နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ကွာတားတက်ရန် သေချာသွားပြီး အီရတ်က တစ်ပွဲနိုင် သုံးမှတ်ဖြင့် ကွာတားတက်ရန် အလားအလာကောင်းလျက်ရှိသည်။

တိုက်စစ်

အီရတ်နှင့် တာ့ခ်မီနစ္စတန်တို့ပွဲတွင် အီရတ်က ၃-၅-၂ ပုံစံချပြီး ကစားခဲ့ရာ ရှေ့တန်းတွင် ရာဇစ်ဖာဟင်န်နှင့် အာမက်ဆလတ်အယ်ဝမ်တို့ကိုထားကာ အလယ်တန်းကစားကွက်၏ ပံ့ပိုးမှုအားကိုယူပြီး ကစားခဲ့သည်။ အီရတ်တို့ ဥဇဘက်ကို ပထမအဖွင့်ပွဲစဉ်၌ တစ်ဂိုး-ဂိုးမရှိ ရှုံးခဲ့ပြီးဖြစ်၍ ယခုပွဲတွင် အနိုင်ကစားမှ ရမည်ဖြစ်သဖြင့် ပွဲစလျှင်စချင်း အီရတ်တို့ တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၁၁ မိနစ်တွင် အလယ်တန်းမှ ဟာဝါမိုဟာမက်က တစ်ဂိုးသွင်းယူခဲ့သည်။

အီရတ်တို့ကို ဂိုးပေးလိုက်ရသဖြင့် တာ့ခ်မီနစ္စတန် တန်ပြန်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၁၄ မိနစ်တွင် တာ့ခ်မီနစ္စတန် တိုက်စစ်မှူး ဗီလာဒီမာဘာရာမော့က ချေပဂိုးသွင်းယူခဲ့သည်။

ကွင်းလယ်ကစားကွက်

အီရတ်တို့ ကွင်းလယ်ကစားကွက် အားသာပြီး တစ်ဦးချင်း ကြံ့ခိုင်မှု၊ ဘောလုံးပေးပို့မှု ပိုမိုကောင်းမွန်ကာ အီရတ်၏ ထိုးဖောက်ကစားမှုကို တာ့ခ်မီနောက်ခံလူများ ကြံ့သလို ဖျက်ထုတ်နေရရာမှ ပွဲချိန် ၈၁ မိနစ်တွင် အီရတ် ရှေ့တန်းတိုက်စစ်မှူး ရာဇစ်ဖာဟင်န်က တစ်ဂိုးသွင်းယူခဲ့ပြီးနောက်ပွဲချိန် ၈၅ မိနစ်တွင် အီရတ် ကွင်းလယ်ကစားသမား ကူလီယဗ်က ချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေကျနေရာ ပွဲချိန် ၈၈ မိနစ်တွင် အီရတ် ကွင်းလယ်ကစားသမား ကူဆေးမူနီရာက တတိယဂိုးသွင်းယူကာ အီရတ်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အီရတ်နှင့် တာ့ခ်မီနစ္စတန်တို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို အီရတ်တိုက်စစ်မှူး ရာဇစ်ဖာဟင်န်က ရရှိသွားသည်။

အုပ်စု(ဂ)မှ ဥဇဘက်ကစ္စတန်နှင့် ဆော်ဒီအာရေဗျတို့ ဇူလိုင် ၂၂ ရက်က တရုတ်နိုင်ငံ ချန်ဒူးမြို့ စီချွမ်စပေါ့စင်တာကွင်း၌ အုပ်စုပတ်လည် ဒုတိယပွဲစဉ်အဖြစ် ကစားခဲ့ရာ နာမည်ကြီး ဆော်ဒီကို ဥဇဘက်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာရှဖလား ဘောလုံးပြိုင်ပွဲသမိုင်းတွင်(၁၉၈၄၊ ၁၉၈၈၊ ၁၉၉၆)ခုနှစ်များက ချန်ပီယံဖြစ်ခဲ့သော ဆော်ဒီအသင်းသည် ယခုနှစ်အာရှဖလားပြိုင်ပွဲ အုပ်စု(ဂ) အဖွင့်ပွဲစဉ်၌ လူသစ်တန်းဖြစ်သည့် တာ့ခ်မီနစ္စတန်ကို နှစ်ဂိုးစီ သရေကစားခဲ့ပြီး တစ်မှတ်သာ ရရှိနေရာမှ ယခုဥဇဘက်တို့ကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးခဲ့သဖြင့် အုပ်စုတက်ရေး အခြေအနေမကောင်းတော့ပေ။

ဆော်ဒီနည်းပြ ဂျရတ်ဗန်ဒါလမ်းသည် ဆော်ဒီကို လူသစ်များနှင့် ဖွဲ့စည်းထားပြီး အာရှဖလား ၂၀၀၄ ပြိုင်ပွဲဝင်ခဲ့သော်လည်း ပွဲဦးထွက်မှာပင် တာ့ခ်မီနစ္စတန်ကို သရေကျခဲ့သဖြင့် ဥဇဘက်ကို အနိုင်ကစားရမည်ဖြစ်သော်လည်း ဆော်ဒီတိုက်စစ်မှူးများ၏ ဂိုးသွင်းမပိုင်နိုင်မှုများကြောင့် ဂိုးမရရှိဘဲ ဖြစ်ခဲ့ရသည်။

ဆော်ဒီအသင်းသည် ပွဲစတင်သည်နှင့် ဥဇဘက်အသင်းကို ဘောလုံးပိုင်ဆိုင်မှုများများနှင့် ကစားကွက်အသာစီးယူကာ ကစားနိုင်ခဲ့သည်။ တစ်ဦးချင်း ဘောလုံးထိန်းသိမ်းမှု၊ အဖြတ်အတောက်၊ အကွက်ဆင်ကစားနိုင်မှုတို့ သာလွန်သော်လည်း ဥဇဘက်နောက်ခံလူများက ဆော်ဒီတိုက်စစ်မှူးများကို တည်တည်ငြိမ်ငြိမ် ထိန်းသိမ်းဟန့်တားနိုင်ခဲ့သည်။

ဆော်ဒီသည် အာရှဖလား ၂၀၀၀ ၌ ဥဇဘက်ကို ငါးဂိုး-ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ယူကစားနိုင်ခဲ့သော်လည်း ယခုပွဲတွင် ဥဇဘက်တို့က ပွဲချိန် ၁၃ မိနစ်တွင် ဥဇဘက်၏ တိုက်စစ်မှူး အလက်ဇန္ဒားရိုင်န်ရစ်က ဂိုးဧရိယာအပြင်ဘက် ခပ်လှမ်းလှမ်းက လျှပ်တစ်ပြက်ကန်သွင်းရာမှ ဆော်ဒီဂိုးသမားညာဘက်မှ ဂိုးဝင်သွားခဲ့သဖြင့် ဥဇဘက်တို့ ဂိုးရရှိသွားသည်။

ဥဇဘက်အသင်းမှ ဆော်ဒီတိုက်စစ်ကို ဟန့်တားထားနိုင်ပြီး အဝေးပေးဘောများဖြင့် အလယ်တန်းမှ ဥဇဘက်ရှေ့တန်းတိုက်စစ်မှူးများထံ တိကျသောပေးပို့မှုများကြောင့် ဥဇဘက်တို့၏ တန်ပြန်တိုက်စစ်များသည် ထိရောက်မှုရှိကာ ဆော်ဒီနောက်ခံလူများကို မွေ့နှောက်နိုင်ခဲ့သည်။

ဥဇဘက်အသင်းမှာ ဥရောပစတိုင်လ်ကစားနိုင်သည်ဖြစ်ရာဘောလုံးပေးပို့မှု၊ အဖြတ်အတောက်၊ တစ်ဦးချင်းကြံ့ခိုင်မှုများမှာ ဆော်ဒီတို့ကို တန်းတူ ယှဉ်ကစားနိုင်ခဲ့သည်။

ဥဇဘက်တို့ဘောလုံးထိန်းသိမ်းမှုလည်း ကောင်းမွန်ကြရာ တိုက်စစ်မှူးများ၏ ရရှိသော အခွင့်အရေးကို ပိုင်နိုင်စွာ အသုံးချနိုင်မှုကြောင့် ဆော်ဒီတို့အပေါ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကွာတားတက်ပြီ

ဥဇဘက်သည် ဆော်ဒီကို အနိုင်ရရှိသဖြင့် နှစ်ပွဲနိုင် ခြောက်မှတ်ရရှိကာ ကွာတားတက်ရေးသေချာနေပြီဖြစ်သည်။ နာမည်ကြီးဆော်ဒီမှာ တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်သာရရှိထားသဖြင့် အုပ်စုတက်ရေးမှာ မသေချာတော့ပေ။ ဥဇဘက်နှင့် ဆော်ဒီတို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို ဆော်ဒီကွင်းလယ်ကစားသမား အီဘရာဟင်ဆိုဝိဒ်က ရရှိသွားသည်။

အာရှဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)မှ အိုမန်နှင့် အီရန်၊ ထိုင်းနှင့် ဂျပန်တို့ အုပ်စုပတ်လည် ဒုတိယ ပွဲစဉ်များအဖြစ် တရုတ်နိုင်ငံ ချုံကင်းမြို့ရှိ ချုံကင်းအိုလံပစ်စင်တာကွင်း၌ ဇူလိုင် ၂၄ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အိုမန်နှင့် အီရန်တို့ အုပ်စု(ဃ) ပထမပွဲစဉ်၌ အိုမန်သည် ဂျပန်နှင့် ဇူလိုင် ၂၀ရက်က ကစားခဲ့ရာတွင် ဂျပန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ရာ၌ အာရှဖလားလက်ရှိချန်ပီယံ ဂျပန်တို့ အိုမန်ကို အကြိတ်အနယ် ကစားခဲ့ရသည်။ အိုမန်အသင်း အာရှဖလားပြိုင်ပွဲသို့ ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်ပြီး တက်ရောက်လာသည့် အသင်းဖြစ်သော်လည်း ခြေစွမ်းထက်သည့်အသင်းဖြစ်သည်။

အိုမန်အသင်း

အိုမန်သည် အာရှဖလားပွဲကို ယခုနှစ်တွင် စတင်ရောက်ရှိခဲ့သော်လည်း ဂျပန်နှင့်ပွဲတွင် ဂျပန်တို့ ဂိုးပြတ်အနိုင်မရရှိခဲ့ခြင်းကို ကြည့်ပါက အိုမန်ခြေစွမ်းကို လျှော့တွက်၍ မရချေ။ သို့သော် အိုမန်သည် အာရှဘောလုံးအဆင့်အတန်း၌ တန်းဝင်သည့် အဆင့်မရှိသေးရာ အီရန်နှင့်ယှဉ်လျှင် သမ္ဘာရော ပညာပါ ကွာခြားလှသည်။ ယခုနှစ် အာရှဖလား ခြေစစ်ပွဲတွင် တောင်ကိုရီးယားအသင်းကို သရေကျအောင် ကစားနိုင်ခဲ့ပြီး ဇူလိုင် ၂၀ ရက်က ဂျပန်နှင့်ပွဲတွင်လည်း ဂျပန်တို့ တစ်ဂိုး ၁သွင်းနိုင်ခဲ့ရာ အီရန်တို့ သတိထားကစားရမည်ဖြစ်သည်။

အီရန်သည် အုပ်စုပထမပွဲစဉ်၌ ထိုင်းအသင်းနှင့်ကစားရာ ထိုင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ သုံးမှတ်ရရှိနေပြီး ဂျပန်နှင့် အမှတ်တူလျက်ရှိသည်။ အီရန်သည် ချန်ပီယံဆုကို ချိန်လျက်ရှိရာ ထိုင်းအသင်းနှင့် ကစားသည့်ပွဲတွင် ကစားကွက်အသာ၊ နည်းစနစ်အသာဖြင့် အပေါ်စီးမှ စိတ်ကြိုက်ကစားသွားနိုင်ခဲ့သည်။

အစဉ်အလာ

အီရန်အသင်းသည် တစ်ဦးချင်းရော အသင်းလိုက်ပါ စွမ်းရည်ထက်မြက်သည့် အသင်းဖြစ်ရာ အာရှဖလားဘောလုံးပြိုင်ပွဲ သမိုင်းတွင်လည်း ချန်ပီယံသုံးကြိမ်ရရှိထားသော အောင်မြင်မှုအစဉ်အလာကောင်းများ ရှိနေသည်။

လက်ရှိပြိုင်ပွဲများ၌ ကစားရာတွင်လည်း အီရန်နည်းပြ ဘရန်ကိုအိုင်ဗန်ကိုဗစ်က သူ့အသင်းကို ၄-၂-၃-၁ ပုံစံအထိုင်ချပြီး ကစားခိုင်းခဲ့ရာ အောင်မြင်ပြီး အံဝင်ဂွင်ကျဖြစ်လျက်ရှိသည်။ အီရန်၏ ရှေ့တန်းတွင် ဝါရင့်တိုက်စစ်မှူး အလီဒါယီရှိနေပြီး အဇီဇီ၊ ခတ်ပူဝါး၊ ကာရင်ဘတ်ဂါရီတို့ ခြေစွမ်းထက်လျက်ရှိရာ အီရန်တိုက်စစ်ကို အိုမန်တို့ အပြင်းအထန်ကာကွယ်ရဖို့ ရှိနေသည်။

ရေပန်းစား

အီရန်အသင်းတိုက်စစ်ရော ခံစစ်ပါကောင်းပြီး ကွင်းလယ်ကစားကွက်ကိုပါ စိုးမိုးနိုင်သည့် အသင်းဖြစ်ရာ ယခုနှစ်အာရှဖလား၌ ချန်ပီယံဖြစ်မည်ဟု ရေပန်းအစားဆုံးအသင်းလည်းဖြစ်သည်။

အီရန်အသင်း တိုက်စစ်အားကောင်းပြီး တိုက်စစ်မှူးများဖြစ်ကြသည့် အလီဒါယီ၊ အလီကာရီမိတို့ ဂိုးသွင်းအဆုံးသတ်မှု ပိုင်နိုင်ကြသူများဖြစ်ရာ အိုမန်တို့ ဂိုးမပြတ်အောင်သာ ကစားရန်ရှိပြီး အနိုင်ရရန် မလွယ်ကူပေ။

ထို့ပြင် အီရန်နှင့် အိုမန်တို့ ယခုအချိန်အထိ ခြောက်ကြိမ်တွေ့ဆုံကစားခဲ့ပြီးဖြစ်ရာ အီရန်က လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်များလည်း ရှိသဖြင့် အိုမန်တို့ အနိုင်ရရှိရေးမှာ ရာခိုင်နှုန်း အလွန်နည်းလျက်ရှိနေသည်။ ထို့ကြောင့် အဘက်ဘက်မှ သာလွန်သော အီရန်သာ အနိုင်ရရှိမည်ဟု သုံးသပ်မိသည်။

အုပ်စု(ဃ) ဒုတိယပွဲစဉ်အဖြစ် ထိုင်းနှင့် ဂျပန်တို့ ချန်ဒူးမြို့ စီချွမ်စပေါ့စင်တာကွင်း၌ပင် ကစားရမည်ဖြစ်ကာ ဂျပန်က အိုမန်ကို အနိုင်ရခဲ့သဖြင့် သုံးမှတ်ရရှိနေပြီး ထိုင်းက အီရန်ကို ရှုံးသဖြင့် အမှတ်မရရှိသေးသည့် အသင်းလည်းဖြစ်သည်။

လက်ရှိချန်ပီယံ

အာရှဖလား လက်ရှိချန်ပီယံ ဂျပန်သည် အာရှဘောလုံးလောကတွင် ထိပ်တန်းအဆင့်ရှိသော အသင်းဖြစ်ပြီး ပထမပွဲ အိုမန်ကိုအနိုင်ရရှိပြီး ချန်ပီယံကာကွယ်ရေးအဖွင့်ပွဲစဉ်၌ပင် သုံးမှတ်အပြည့် ရရှိထားသည်။

ဂျပန်အသင်းသည် နည်းပြဇစ်ကိုတာဝန်ယူစဉ်တစ်လျှောက်တိုးတက်မှုများရှိခဲ့ပြီး ဂျပန်အသင်းဘောလုံးအရည်အသွေးနှင့်အောင်မြင်မှုစံချိန်များကိုပါ မြှင့်တင်ပေးနိုင်ခဲ့သည်။ ဂျပန်အသင်းကို နာကာမူယာ၊ နာဂါဆာဝါနှင့် ကူဘိုတို့ ဦးဆောင်ကစားပြီး အသင်းလိုက်စုစည်းညီညွတ်မှုရှိကာတစ်ဦးချင်းအရည်အသွေးလည်း ကောင်းမွန်သည်။

ဂျပန်အသင်း၏ အားနည်းချက်မှာတိုက်စစ်မှူးများဂိုးသွင်းစွမ်းရည်မရှိခြင်းပင်ဖြစ်သည်။ အုပ်စု(ဃ)တွင် အိမ်ဖြည့်အသင်းဟု သတ်မှတ်ထားသောထိုင်းအသင်းကို ဂျပန်တို့ကစားကွက်အသာဖြင့်ဦးဆောင်ကစားနိုင်သည့် အနေအထားရှိသည်။

ထိုင်းအသင်းသည်အီရန်ကိုသုံးဂိုး-ဂိုးမရှိဖြင့်ရှုံးခဲ့ရာ အာရှအဆင့်အတန်းမီအောင် ကြိုးစားရဦးမည်ဖြစ်သည်။ အရှေ့တောင်အာရှ ထိပ်သီးဖြစ်သည့် ထိုင်းအသင်းသည် ကစားကွက်နှင့်နည်းစနစ်ပိုင်းတွင်ဂျပန်နှင့် ယှဉ်လျှင်ကွာခြားလျက်ရှိနေသေးရာ အုပ်စုတက်နိုင်ရေးမှာ အပြင်းအထန်ရုန်းကန်ရမည် ဖြစ်သော်လည်း ဂျပန်ကို ကျော်ဖြတ်ရန် မလွယ်ပေ။

ဂျပန်နှင့်ထိုင်းအသင်းတို့ နောက်ဆုံးယှဉ်ပြိုင်ခဲ့ကြသည့် ၁၉၉၇ ခုနှစ် မတ်လက ကျင်းပခဲ့သည့် ဗန်ကောက်ဘုရင့်ဖလားပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းက ဂျပန်ကိုသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည့်မှတ်တမ်းရှိနေရာ ဂျပန်တို့ပေါ့ဆ၍မရဘဲ ကြိုးစားကစားရမည်ဖြစ်သည်။ သို့သော် လက်ရှိဂျပန်အသင်းသည် ထိုင်းကိုအနည်းဆုံးနှစ်ဂိုး ဂိုးပြတ်သွင်းနိုင်သည်ဖြစ်ရာ အုပ်စုဗိုလ်စွဲရေး ဂျပန်တို့ ထိုင်းကိုအနိုင်ကစားမည်မှာသေချာပြီး ထိုင်းအသင်း အုပ်စုမှလှည့်ပြန်ရရေးမှာ ရာခိုင်နှုန်းများနေပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)



ဆော်ဒီအာရေဗျနှင့် ဥဇဘက်ကစ္စတန်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဆော်ဒီတိုက်စစ်မှူး ယာဆာအယ်ကာတာနီ၏ ထိုးဖောက်ကစားမှုကို ဥဇဘက်ကွင်းလယ်ကစားသမား တီမူရာကာပက်ဇီက ဤသို့ဟန့်တားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ ဂျော်ဒန်နှင့် တောင်ကိုရီးယားတို့အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပလျက်ရှိသော အာရှဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ဆက်လက်ယှဉ်ပြိုင်ကစားရာ အုပ်စု(ခ)မှ ဂျော်ဒန်အသင်းက ကူဝိတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရသွားသည်။

ဒုတိယပွဲစဉ်တွင်လည်း တောင်ကိုရီးယားအသင်းက ယူအေအီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်ပင် အနိုင်ရသွားသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ မန္တလေးမြို့၌ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၄ခုနှစ် တတိယအကြိမ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၃ ရက်အထိ မန္တလေးမြို့ ဗထူးအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲတွင် လူသစ်တန်းပြိုင်ပွဲနှင့်(ဂ) အဆင့်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ရာ ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ချီးမြှင့်မည်ဖြစ်သည်။

၂၀၀၄ခုနှစ် တတိယအကြိမ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လူသစ်တန်းလက်ဝှေ့သမားများနှင့် (ဂ)အဆင့် လက်ဝှေ့အားကစားသမားတို့သည် မန္တလေးမြို့ ဗထူးအားကစားပြိုင်ဝင်းသို့ ဇူလိုင် ၂၈ ရက်နောက်ဆုံးထား၍ ရောက်ရှိကြရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲဝင်မည့် လက်ဝှေ့အားကစားသမားတို့အား ကိုယ်အလေးချိန်ချိန်ခြင်းနှင့် ဆေးစစ်ဆေးခြင်းလုပ်ငန်းများကို ဇူလိုင် ၂၉ရက် နံနက် ၈နာရီမှ ၁၀နာရီအထိ မန္တလေးမြို့ ဗထူးအားကစားပြိုင်ဝင်း အထူးတန်းပွဲကြည့်စင်၌ ပြုလုပ်မည်ဖြစ်၍ ပြိုင်ပွဲဝင်လက်ဝှေ့အားကစားသမားများ စုံလင်စွာလာရောက်ရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့နှင့်အနီးတဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၃-၇-၂၀၀၄

မင်္ဂလာဒုံ	၀ ဒသမ ၀၈ လက်မ
ကမ္ဘာအေး	၀ ဒသမ ၀၄ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၀၄ လက်မ

ကျေးလက်ဒေသ၊ ဖွံ့ဖြိုးဖို့ စပါးခင်းမှာ၊ ငါးမွေးစို့။

စာသင်တိုက်ကြီးများသို့ ဗလာစာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

နာယကဆရာတော်များ ဖြစ်ကြသော ပြည်မြို့ သီတာရုံဆရာတော် ဘဒ္ဒန္တကောဝိဒ၊ သာကေတ အဘယာရာမဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မေဓာစရိယ ဘဒ္ဒန္တသောဘဏ၊ မန္တလေးအနောက်ခင်မကန်တိုက် စည်သာကျောင်းဆရာတော် မဟာဓမ္မကထိကဗဟုဇနဟိတဓရ မေဓာစရိယ ဘဒ္ဒန္တနာရဒနှင့် ဆရာကြီး ဦးစန်းမောင်(ဓိဝဖလ)ဦးစီးသော သာသနမာမကဓမ္မရက္ခိတ အကျိုးဆောင် အလှူရှင်များနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့သည် ၁၉၉၄ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိသည်နှင့်အညီ ဇွန် ၂၈ရက်မှ ဇူလိုင် ၁၇ ရက်အထိ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ စာသင်တိုက်ကြီး ၆၅တိုက်ရှိ ဝါဆိုသံဃာ ၁၈၉၆ပါးတို့အတွက် ဗလာစာအုပ် ငါးသောင်းခြောက်ထောင်ကျော်ကို (၁၁)ကြိမ်မြောက် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

(က-ပ)

ဂျီးမင်း ပါဆိုသင်္ကန်း

Ph - 381833, Ex - 219

Ph - 540118

သင်ရှေ့ဆိုင်ဖွင့်လိုပါသလား?

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်။

1. **Web offset Ink**
   - (1) Black - 8700 Kg
   - (2) Yellow - 1200 Kg
   - (3) Magenta - 1700 Kg
   - (4) Cyan - 1900 Kg
2. **Sheetfed offset Ink**
   - (1) Black - 900 Kg
   - (2) Yellow - 600 Kg
   - (3) Magenta - 700 Kg
   - (4) Cyan - 400 Kg
   - (5) Green - 909 Kg
3. **Negative Plates & Chemicals**
   - (1) 915 x 626 x 0.3 mm -1400 Shts
   - (2) 1035 x 740 x 0.3 mm -300 Shts
4. **Positive Plates & Chemicals**
   - (1) 740 x 615 x 0.3 mm -300 Shts
5. **Wipe On Aluminium & Chemicals**
   - (1) 635 x 745 x 0.24 mm -6400 Shts
   - (2) 650 x 550 x 0.24 mm -16150 Shts

၂။ တင်ဒါပေးသွင်းမှုကို (၆-၈-၂၀၀၄) ရက် (၁၆း၃၀) နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၄၅၆၃၁၊၂၄၅၆၂၄၊ ၂၄၅၆၄၅

TODAY ENGINEERING SERVICE & TRAINING

No. 41, G/F, 7th St, Lanmadaw Tsp, Yangon.

220016 220152

မြန်မာနိုင်ငံဗိသုကာ ရွှေရတုအကြို သက်ကြီးကန်တော့ပွဲ

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၄ခုနှစ်တွင် ကျရောက်သော မြန်မာနိုင်ငံ ဗိသုကာပညာနှစ်(၅၀)ပြည့် ရွှေရတုကို ကြိုဆိုသောအားဖြင့် ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဘုရင့်နောင်လမ်း Lion City Restaurant ခန်းမ၌ ဗိသုကာဆရာကြီးများ၊ သက်ကြီးဗိသုကာများအား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ဆက်လက်၍ ဗိသုကာကျောင်းသူကျောင်းသားဟောင်းများ၏ ပြဇာတ်၊ အငြိမ့်တို့ဖြင့် ဖြေဖျော်မည်ဟု သိရသည်။

(က-ပ)

ရေနံ့သာခင်ခင်ကြီးကဲ့သို့ အောင်မြင်ခဲ့သော မောင်သိန်းဆိုင် ခင်ပပမြိုင် (စာတ္တ အကြိမ်) ထွက်ပြီ

ဦးဆန်နီ (ခ) ဦးတင်ထွဋ်အောင် N/RGN-001301 (ကားဝယ်ရောင်း)နှင့် အများသိစေရန်

ကျွန်မတို့က ယုံကြည်စွာဖြင့်အပ်နှံထားသည့် ငွေကြေးများနှင့် စမ်းချောင်း မြို့နယ်၊ ကျွန်းတောလမ်း၊ အိမ်အမှတ် ၃၇၊(ခြောက်လွှာ၊ ခေါင်းရင်းခန်း)နှင့် ပတ်သက်၍ ဖြေရှင်းရန် ဤကြေညာသည့်ရက်မှ ၁၀ရက်အတွင်း အမြန်ဆုံးဆက်သွယ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မနေစည်လင်း	**ဒေါ်စီစီရွှေ**
၁၁/တကန(နိုင်)၀၆၂၇၀၇	၁၄/ပသရ(နိုင်)၀၅၂၀၄၇
အမှတ် ၂၉၃၊ (ပထမထပ်)၊	အမှတ်၁/စအေ၊ ဟေမာဇလရပ်ကွက်၊
ရွှေဘုံသာ (အလယ်)လမ်း၊	၂၇X၇၈ထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။	ချမ်းအေးသာစံမြို့နယ်၊
ဖုန်း-၂၅၄၉၆၉၊ ၃၈၃၇၄၄၊	မန္တလေးမြို့။ဖုန်း-၀၂-၃၈၃၄၅၊
၀၉-၉၉-၂၆၁၇၈	၀၉-၉၀-၆၀၃၈၁

ကုန်အမှတ်တံဆိပ်ဖြင့် စားသောက်ကုန်ပစ္စည်း သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွှေလမ်း၊ အမှတ် ၆၆နေ ဒေါ်ကြည်အေး ဝိုင်ဒီအင်န်-၀၀၃၅၉၄၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကုန်အမှတ်တံဆိပ်

ပင်ပျိုရွက်နု

မှတ်ပုံတင်အမှတ် (၅၃၀/၁၉၉၄)

အထက်၌ ရိုက်နှိပ်ဖော်ပြထားသော ပင်ပျိုရွက်နုကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် လက်ဖက်၊ အချိုခြောက်၊ အကြမ်းခြောက်၊ လက် ဖက်အမျိုးမျိုး၊ အကြော်စုံအမျိုးမျိုးနှင့် မြန်မာ့ရိုးရာစားဖွယ်ရာ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေမှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ပင်ပျိုရွက်နု ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို တစ်ဦးတည်းမူပိုင်သုံးစွဲနိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၅၃၀/၁၉၉၄ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ပင်ပျိုရွက်နု ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ရပ်ရပ်မှသော်လည်းကောင်း၊ အသင်း အဖွဲ့အစည်း တစ်ရပ်ရပ်မှသော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲနှင့် ပုံတူပြုလုပ်၍ လက်ဖက်၊ အချိုခြောက်၊ အကြမ်းခြောက်၊ လက်ဖက်အမျိုးမျိုး၊ အကြော်စုံအမျိုးမျိုးနှင့် မြန်မာ့ရိုးရာစားဖွယ်ရာ စားသောက်ကုန်အမျိုးမျိုးကို အတုပြုလုပ်၊ ရောင်းချခဲ့ပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်သတိပေးကြေညာအပ်ပါသည်။

ဒေါ်ကြည်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးငွေသန်း(စစ်ကိုင်း) LL.B (ဥပဒေဘွဲ့) Advocate (တရားရုံးချုပ်ရှေ့နေ-၂၇၇၄)
အမှတ် ၃၄၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

PACIFIC DIGITAL PHOTO SERVICE

Noritsu Qss 2901 Digital
32 Series မှ Qss 3202 Laser Digital Model
Post card ဆိုက်မှ 12" X 36" ဆိုက်ထိ ပုံကြီးကို

PC ပုံမှန် ကျပ် 50/- Digital PC 65/- ကျပ်
(4"x6") ပုံမှန် ကျပ် 70/- Digital (4"x6") 85/- ကျပ်
Digital Camera မှ (4"x6") တစ်ပုံလျှင် ကျပ်(100/-)
(၁) 241073, 383406

BEACH CONCERT
ကမ်းစပ်ကခြေသူများ (၁) (၂)
EMPEROR, LAZY CLUB
TAPE,CD

ဇွန် ၂၇ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့်အဖွဲ့ ကော့ကရိတ်မြို့ စည်ပင်ပျိုးဥယျာဉ်တွင် ပန်းအလှပင်နှင့် အရိပ်ရပင်များပျိုးထောင်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျန်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (၀၂၄)

ပန်းတနော်မြို့ မြတောင်စာသင်တိုက် မြမေတ္တာမျက်စိအထူးကုဆေးခန်း လှူနာဆောင်ဆောက်လုပ်ရန် အလှူငွေများဆက်ကပ်လှူဒါန်း

ပန်းတနော် ဇူလိုင် ၂၂

ပန်းတနော်မြို့ မြတောင်စာသင်တိုက်အတွင်း၌ စုပေါင်းကုသိုလ်ပြု တည်ထောင်ခဲ့သော မြမေတ္တာမျက်စိအထူးကုဆေးခန်း လူနာဆောင်ဆောက်လုပ်ရန်အတွက် အလှူတော်ငွေ ပေးအပ်ပွဲကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက မြတောင်စာသင်တိုက် သာသနကာရီကျောင်းဆောင်အလယ်ထပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြတောင်စာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဝိမလဉာဏ၊ ဒုတိယ နာယကဆရာတော် ဘဒ္ဒန္တကုမာရ (မြထိပ်တင်–ပန်းတနော်) ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးမှ ပါမောက္ခ ဆရာဝန်ကြီးဦးကြည်မောင်နှင့် ဆရာဝန် ဆရာမများ၊ ပန်းတနော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွှန့်တင်၊အတွင်းရေးမှူး ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့မှ အလှူရှင် မိသားစုများ၊ မြမေတ္တာမျက်စိအထူးကုဆေးခန်းအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရှိန်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြတောင်ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူကြသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးညွှန့်တင်၊ ဆရာဝန်ကြီး ပါမောက္ခ ဦးကြည်မောင်တို့က လူနာဆောင် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် ၂၅ လမ်း၊ အမှတ် ၁၂၀နေ ကွယ်လွန်သူ မိဘများအား ရည်စူး၍ (ဦးရှောင်)–ဒေါ်အေး၊ ဦးဌေးလှိုင်–ဒေါ်ရင်ရီ၊ (ဦးမိုးမိုး)–ဒေါ်ခင်သန်းမြင့်၊ ဒေါ်စန်းစန်းထွေးတို့က အလှူငွေကျပ်သိန်း ၃၀၊ မြမေတ္တာ ဆေးပဒေသာပင်အတွက် ဒေါက်တာမက်–မသီတာလွင်တို့ကအလှူငွေတစ်သိန်း၊(ဦးရှောင်)–ဒေါ်အေးတို့က အလှူငွေကျပ်တစ်သိန်း၊ ဦးလှအောင်– ဒေါ်မြစန်း၊ ဦးလှဒင်–ဒေါက်တာ ယုယုဆွေတို့က အလှူငွေကျပ်တစ်သိန်း၊ ဦးမောင်ကို–ဒေါ်လှရွှေ၊ သားကြီး ဦးတင်ကိုကို၊ သားငယ် ညီညီထွေးတို့က အလှူငွေကျပ် တစ်သိန်း၊ ရန်ကုန်မြို့မှ ဦးကျော်မြင့်–ဒေါ်ကျင်ကျင်နွယ်၊ ဒေါ်ဝင်းဝင်းရီ၊ ဦးကျင်ဌေ–ဒေါ်ရှုလင်၊ ဦးထွန်းသိန်း–ဒေါ်ခင်နွယ်နွယ်၊ ဦးသိန်း–ဒေါ်တင်ရွှေတို့က စုပေါင်းအလှူငွေကျပ်ရှစ်သောင်းတို့ကိုဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်းနိုင်

ဆက်လက်၍ မြတောင်စာသင်တိုက်အတွင်း ဆောက်လုပ်ဆဲဆွမ်းစားကျောင်းဆောင်အတွက် ဦးလှအောင်–ဒေါ်မြစန်း၊ဦးလှဒင်–ဒေါက်တာယုယုဆွေ တို့ကို အလှူငွေကျပ်ငါးသောင်းနှင့် ဦးကျော်မြင့်–ဒေါ်ကျင်ကျင်နွယ်တို့က အလှူငွေကျပ် ငါးထောင် ဆက်ကပ်လှူဒါန်းသည်။ ထိုနေ့က စုစုပေါင်း အလှူငွေကျပ် ၃၅၃၅၀၀၀ လှူဒါန်းကြောင်းနှင့်ပါဝင် ကုသိုလ် ပြုလိုပါက ပန်းတနော်မြို့ မြတောင်စာသင်တိုက်သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဇူလိုင်၄ ရက်က မိုးရာသီ ကာလအတွင်း အဖွဲ့ပိုင်ဈေးများ ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ရုံးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များက အောင်ဇေယျာဈေးရှေ့ ရေမြောင်းနှင့် ငါးစိမ်းတန်းမြောင်းတူးဖော်ခြင်းကို ဇေယျာဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးမြင့်ဟန်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးမင်းဇော်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် နေပူကုန်းကျေးလက် ဆက်သွယ်ရေး လမ်းပေါ်ရှိ ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၆ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် လက်ထောက် အင်ဂျင်နီယာဦးဇော်မင်းတို့ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (က–ပ)

ဇွန် ၂၅ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပန်းအလှခုံများပြုလုပ်ဆောင်ရွက်ခြင်းကိုကြည့်ရှုစစ်ဆေးရာမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစိုးညွှန့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းပတ်ဝန်းကျင် အရိပ်ရပင် စုပေါင်းစိုက်ပျိုး

ဆားလင်းကြီး ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင်၄ရက်က ဆားလင်းကြီးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အထကကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်တို့တွင် သစ်ဆိမ့်ပင်၊ ကုက္ကိုပင်နှင့် အရိပ်ရပင် ၃၀၀ကျော် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ (၃၄၆)

ကျေးလက် သတင်းနှင့် မြင်ကွင်း

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၂၆–၇–၂၀၀၄ (တနင်္လာနေ့)

- ❑ Accounting/ Budgetary Control
  - DEM (4) Sem (I)
- ❑ Project Management
  - DEM (4) Sem (I)
- ❑ General Management
  - DEM (4) Sem (I) MBA
- ❑ Statistics
  - DEM (4) Sem (I)

၂၇–၇–၂၀၀၄ (အင်္ဂါနေ့)

- ❑ Accounting/ Budgetary Control
  - DEM (4) Sem (I)
- ❑ Project Management
  - DEM (4) Sem (I)
- ❑ General Management
  - DEM (4) Sem (I) MBA
- ❑ Statistics
  - DEM (4) Sem (I)

၂၈–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Accounting/ Budgetary Control
  - DEM (4) Sem (I)
- ❑ Project Management
  - DEM (4) Sem (I)
- ❑ General Management
  - DEM (4) Sem (I) MBA
- ❑ Statistics
  - DEM (4) Sem (I)

၂၉–၇–၂၀၀၄ (ကြာသပတေးနေ့)

- ❑ Accounting/ Budgetary Control
  - DEM (4) Sem (I)
- ❑ Project Management
  - DEM (4) Sem (I)
- ❑ General Management
  - DEM (4) Sem (I) MBA
- ❑ Statistics
  - DEM (4) Sem (I)

၃၀–၇–၂၀၀၄ (သောကြာနေ့)

- ❑ Accounting/ Budgetary Control
  - DEM (4) Sem (I)
- ❑ Project Management
  - DEM (4) Sem (I)
- ❑ General Management
  - DEM (4) Sem (I) MBA
- ❑ Statistics
  - DEM (4) Sem (I)

နံနက် ၉နာရီမှ ညနေ ၄နာရီထိ

၃၁–၇–၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁–၈–၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဝန်ထမ်းများ မြို့စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များစိုက်ပျိုးရန် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပြုစုပျိုးထောင်ခြင်းနှင့် ပျိုးအိတ်များထုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံဝန်ထမ်းများ မြန်မာအမျိုးသမီးနေ့ဂုဏ်ပြု စပေါင်းသွေးလှူဒါန်း

မြစ်ငယ် ဇူလိုင် ၇

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထား မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံအထွေထွေမန်နေဂျာ ဦးထွန်းဦး ကြီးကြပ်မှုဖြင့် မန္တလေးမြို့ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်သို့ ဝန်ထမ်း ၈၀ တို့က စပေါင်းသွေးလှူပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၈နာရီက မီးရထား မီးသတ်တပ်ဖွဲ့ရုံးတွင် ကျင်းပသည်။

သွေးအမျိုးအစားခွဲ

စပေါင်းသွေးလှူရာတွင် ဆရာဝန်ကြီး ဒေါက်တာဒေါ်ကြည်ကြည်သိန်းနှင့် ဝန်ထမ်းများက သွေးလှူဘဏ်နယ်လှည့် သွေးဖောက်ယာဉ်ပေါ်တွင်လည်းကောင်း၊ မီးသတ်တပ်ဖွဲ့ရုံး၊ အတွင်းအိပ်စင်များတွင်လည်းကောင်း၊ သွေးလှူရှင်ဝန်ထမ်းများကိုစနစ် တကျစိစစ်၍ ပုံစံအိတ်များဖြင့်သွေးများ ဖောက်ထုတ်ယူကြပြီး သွေးအမျိုးအစားခွဲကြသည်။

ကူညီပံ့ပိုးပေး

အဆိုပါ သွေးလှူဒါန်းရာသို့ မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ အထွေထွေ မန်နေဂျာ ဦးထွန်းဦး၊ လက်ထောက်အထွေထွေ မန်နေဂျာ ဦးဝင်းကိုနှင့် မီးရထား တိုင်းဆရာဝန်ကြီး ဒေါက်တာတင်ထွန်း တို့က လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ထို့နောက် စုဆောင်းရရှိပြီးသော သွေးအိတ်များကို ဆရာဝန်ကြီး ဒေါက်တာဒေါ်ကြည်ကြည်သိန်းထံ အထွေထွေမန်နေဂျာ ဦးထွန်းဦးက လွှဲပြောင်း ပေးအပ် လှူဒါန်းရာ ဒေါက်တာ ဒေါ်ကြည်ကြည်သိန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(၂၀၉)**

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၏ သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ဇွန်၂၅ရက်က မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာ၌ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက သစ်ပင်စိုက်ပျိုးရေလောင်းဖွင့်လှစ်ပေးစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

သုံးခွမြို့နယ် မဟာသံဃိက သံဃဒါန ခုနစ်နေ့ နွေမိုး၊ ဆောင်း နှစ်ပတ်လည် အရုဏ်ဆွမ်းလောင်းလှူရန် ငွေပင် ငွေရင်း (ငွေပဒေသာပင်) စုဆောင်းရေး ဗဟိုအဖွဲ့သို့ တတိယ အကြိမ်အလှူတော်ငွေကျပ်နှစ်သိန်းကို ဇူလိုင်၃ရက်က အလှူရှင် ဦးကြူလှိုင်က ဇနီးဖြစ်သူဒေါ်ခင်အိမိသားစုက ပေးအပ် လှူဒါန်းရာ အရုဏ် ဆွမ်းလောင်းဗဟိုအဖွဲ့ ဘဏ္ဍာရေးမှူး ဦးသိန်းအောင် (မဟာဇဉ်)က လက်ခံယူစဉ်။ (၁၃၇)

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနား ချမ်းမြသာစည်မြို့နယ်တွင် ကျင်းပ

မန္တလေး ဇူလိုင် ၁၀

မန္တလေးတိုင်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၈နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်တွင် ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ညွှန်ကြားရေးမှူးဦးအောင်ဖြူကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်မှ ပေးပို့သော သဝဏ်လွှာကို မန္တလေးတိုင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုချုပ် အတွင်းရေးမှူး ဦးထွန်းလှိုင်က လည်းကောင်း ဖတ်ကြားပြီး ဆောင်းပါး၊ စာစီစာကုံးနှင့် ကျပန်းစကားပြော ပြိုင်ပွဲများမှ ဆုရရှိသူများကို ညွှန်ကြားရေးမှူး ဦးအောင်ဖြူနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ အင်ဂျင်စက်၊ မီးစက်နှင့် ထော်လာဂျီစသည့် လယ်ယာအထောက်အကူပြုပစ္စည်းများကို အသင်းသားလယ်သမားများအားတစ်နှစ်အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အများဆုံးဝယ်ယူသည့် ကျောက်ဆည်မြို့နယ် **(ယာပုံ)** ဒုတိယအများဆုံးဝယ်ယူသော ပုသိမ်ကြီးမြို့နယ်နှင့် တတိယ အများဆုံး ဝယ်ယူသော စဉ့်ကိုင်မြို့နယ်တို့ကိုညွှန်ကြားရေးမှူးဦးအောင်ဖြူနှင့် ဂွတ်ဘရားသား ကုမ္ပဏီမှ တာဝန်ရှိသူများကဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။ **(၁၆၂)**

နယ်လှည့်စာကြည့်တိုက် သီပေါမြို့နယ်၌ဖွင့်၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

သီပေါ ဇူလိုင် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံနှင့်နံရံကပ်စာစောင်ဖွင့်ပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇူလိုင်၁၃ရက်က ကုန်းသာကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်၊ ကုန်းသာအလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်သန်းနှင့် မြို့နယ်အသင်းအလုပ်အမှုဆောင်ဦးစိုင်းဝင်းစိန်တို့က နယ်လှည့် စာကြည့်တိုက်နှင့် ပြပွဲများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကုန်းသာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဦးစိုင်းမောင်လေးက အမှာစကားပြောကြားပြီးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးစိုင်းသာလှိုင်က စာကြည့် တိုက်နှင့် ပြပွဲဖွင့်လှစ်ပြသရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက စာကြည့်တိုက်နှင့် ပြပွဲကိုကြည့်ရှုလေ့လာကြသည်။ **(၁၀၆)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးဆောင်၍ ဂျီအီးစီ (ပညာရေး) သမဝါယမ အသင်းလီမိတက် အထူးအရောင်းဆိုင်ဖွင့်ပွဲကို ဇူလိုင် ၃ ရက်က အဆိုပါ အရောင်းဆိုင်ရှေ့၌ ကျင်းပရာ ညောင်ဦးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ၊ မြို့နယ် သမဝါယမ ဦးစီးအရာရှိ ဦးသိန်းထွန်း၊ ဂျီအီးစီ(ပညာရေး)သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၀၀)

ဆုချီးမြှင့်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဇွန် ၂၆ ရက်က တပ်ကုန်းမြို့ အထက(၂)၊ သီရိရတနာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်နုနုဝင်းက ဆုရကျောင်းသူတစ်ဦးအား ဆုပေးအပ် ချီးမြှင့်စဉ်။ (၂၆၆)

နိုင်ငံသားစိစစ်ရေးကတ်ပြား မိုးကောင်းမြို့နယ်၌ပေးအပ်

မိုးကောင်း ဇူလိုင် ၅

မိုးကောင်းမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နယ်မြေခံတပ်ရင်းမှ နိုင်ငံသားအရည်အချင်းပြည့်မီသည့် စစ်သည်နှင့် မိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၂၅ရက်က တပ်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဆွေက နိုင်ငံသားအရည်အချင်းပြည့်မီသည့် စစ်သည်နှင့် မိသားစုဝင် ၆၈ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဗိုလ်မှူးစိုးနိုင်ထွန်းထံ ပေးအပ်ကြကြောင်းသိရသည်။ **(၄၁၆)**

ဆိုင်ဖွင့်ပွဲ ၃ နှစ်ပြည့်အထူး
30% Off
အရှေ့တိုင်းမျက်မှန်
၃၄၁၊ ရွှေဘုံသာအထက်လမ်း။ 383884

ငွေတောင်တန်း
ထိပ်ကပ်နာပျောက်ဆေး

အသုံးပြုနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်/အချိန်
1.	Colour Pigment	2 items	၂၉-၇-၂၀၀၄ (မွန်းတည့် ၁၂ နာရီ)
2.	Carbon Dise	2 items	၂၉-၇-၂၀၀၄ (မွန်းတည့် ၁၂ နာရီ)
3.	Calcium Carbide	215 MT	၆-၈-၂၀၀၄ (မွန်းတည့် ၁၂ နာရီ)

၂။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်-၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့် ခန့်ထားရန်)

၁။ Secretary (၁) ဦး
အသက် ၂၀-၃၀အတွင်း၊ Secretaryအောင်လက်မှတ်ရရှိ၍ လုပ်သက် အတွေ့အကြုံရှိပြီး အင်္ဂလိပ်နှင့် တရုတ်ဘာသာစကား ပြောဆိုနိုင်သူကို ဦးစားပေးမည်။ ကွန်ပျူတာအသုံးပြုနိုင်ရမည်။

၂။ Account မ (၁) ဦး
စာရင်းကိုင် လုပ်သက်အတွေ့အကြုံရှိပြီး၊ ကွန်ပျူတာကျွမ်းကျင်ရမည်။

၃။ Store Keeper မ (၁) ဦး
ဂိုဒေါင်ထိန်းသိမ်းမှု အတွေ့အကြုံ (၁) နှစ် ရှိရမည်။

၄။ Sale Girls မ (၁၀) ဦး
(၁၀) တန်းအောင်မြင်ပြီး၊ ဆက်ဆံရေး ပြေပြစ်၍ ရုပ်ရည်သန့်ပြန့်ရမည်။

၅။ Drivers ကျား (၅) ဦး
ယာဉ်မောင်း လုပ်သက်အနည်းဆုံး (၃) နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် အောက်ပါအချက်အလက်များကိုယူဆောင်၍ ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ လျှောက်လွှာယူပြီး လျှောက်ထားနိုင်ပါသည်။

- အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊
- ပညာအရည်အချင်းဆိုင်ရာနှင့် လုပ်ငန်းအတွေ့အကြုံဆိုင်ရာ ဖော်ပြချက်အသေးစိတ်၊
- မျှော်မှန်းလစာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ် လိပ်စာအပြည့်အစုံ၊
- လျှောက်လွှာမတင်မီ တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံတစ်ပုံနှင့်
- အလုပ်သမား မှတ်ပုံတင်မိတ္တူ ပါရှိရမည်။

Myat Tha Pyay Family Co.,Ltd.
No-77, Kabaraye Pagoda Rd,
Bahan Township. (ပုလဲကွန်ဒိုမီနီယံရှေ့)

ဆေးပေါင်းရုံသုံးလောင်စာ အဝယ်တင်ဒါ(၁/၂၀၀၄)

မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ဗာဂျီနီးယားဆေးလုပ်ငန်းစက်ရုံ၊ မန္တလေး၊ မြင်းခြံ၊ ရေဦး၊ ပခုက္ကူ၊ ရေစကြိုနှင့် ပေါက်ဒေသများရှိ ဆေးပေါင်းစခန်းများအတွက် လိုအပ်သော ပေါင်းရုံသုံးလောင်စာ (ထင်း၊မြေပဲအခွံနှင့် စပါးခွံ)များအား ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများသည် ၂-၈-၂၀၀၄ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ချိပ်ပိတ် ဈေးနှုန်းလွှာများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူရေးအဖွဲ့
ဗာဂျီနီးယားဆေးလုပ်ငန်းစက်ရုံ။
ဖုန်း-၀၂-၇၀၅၆၇။

ညှိနှိုင်းဈေးဖြင့်ရောင်းမည်

ရွှေပြည်သာမြို့ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးပေါ် ၅/၅ ရပ်ကွက်ရှိ (၁) ပေ ၅၀xပေ ၆၀ တစ်ထပ်တိုက် ရေမီး၊ ဂရန်(၂)ပေ၅၀xပေ၆၀ လက်ရှိ လူနာရ ဆေးခန်း တစ်ထပ်တိုက် ရေမီး၊ဂရန် ဆေးခန်း ပါမစ်ပါ ညှိနှိုင်း ဈေးဖြင့် ရောင်းမည်။

ဆက်သွယ်ရန်-
ဖုန်း-၀၁-၆၄၀၄၂၀။

☎: 202377, 703220

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ည/၂၈၇၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

ကျေးဇူးဆပ်ပါမည်

၂၁-၇-၂၀၀၄ ရက်နေ့တွင် ကျွန်တော်စောချစ်ကီ၏ နိုင်ငံကူးလက်မှတ်-၅၄၄၄၃၃၊ နိုင်ငံသားစိစစ်ရေးကတ် ၃/ဘအန(နိုင်)၂၃၆၅၁၂၊ သန်းခေါင်စာရင်းပုံစံ(၁၇) များ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပါရန် ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန်လိပ်စာ-ဦးကုသလ၊ မမ္မာရုံကျောင်းတိုက် ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့၊ ဖုန်း-၅၅၈၅၁၂။**

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ပဲခူးတိုင်း မင်းလှမြို့ ပြည်တော်သာရပ် အမှတ် ၈၁/၅လမ်းနေ ဦးတင်လှိုင်(ငြိမ်း-ဗိုလ်ကြီး)၏သမီး မရီရီမြင့်လှိုင် ၇/မလန(နိုင်)၀၀၉၁၃၇ သည် မိဘ၏ စကားကို မနာခံဘဲ နေအိမ်မှထွက်သွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း။

ဦးတင်လှိုင် ၇/မလန(နိုင်)၀၀၆၄၀၅။

ကျောက်ဖြူမြို့နယ် စေတီယျံပြကျေးရွာ
ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဖွင့်

ကျောက်ဖြူ ဇူလိုင် ၁၀

ကျောက်ဖြူမြို့နယ် စေတီယျံပြကျေးရွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းဖွင့်ပွဲကို ဇူလိုင်၆ ရက်နံနက် ၈နာရီက အဆိုပါကျောင်းရှေ့တွင် ကျင်းပသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်သန်းအိနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အောင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဝဲအပေါ်ပုံ)**

လှူဒါန်း

စေတီယျံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းဖွင့်ပွဲသို့ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြပြီး စေတနာရှင် အလှူရှင်များက ကျောင်းအတွက်လိုအပ်သော ပရိဘောဂများ ပြုလုပ်ရန် ငွေကျပ်နှစ်သိန်းလှူဒါန်းကြကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

စမ်းချောင်းမြို့နယ်နေ ကွယ်လွန်သူမိဘများအားရည်စူး၍ သမီး ဒေါ်အေးအေး၊ ဦးကျော်ညွန့်-ဒေါ်ခင်နွယ်ဦး(သား)ဖြိုးကျော်ဦးမိသားစုနှင့် နှစ်ဖက်သော မိဘများအားရည်စူး၍ ဦးအောင်စိုး-ဒေါ်ချစ်ချစ်သား အောင်ဟိန်းမင်း၊ (သမီး)ယုမာသင်း၊ (သား)မောင်တင့်အောင်ခန့် မိသားစုတို့က ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ သဃ်္ဃန်းကျွန်းမြို့ နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)အသင်းရုံးသို့ အလှူငွေကျပ်နှစ်သိန်း တစ်သောင်း လာရောက်လှူဒါန်းရာ ဘဏ္ဍာရေးအဖွဲ့ဝင် ဒေါ်ဒေဝီခင်က လက်ခံရယူစဉ်။ (က-ပ)

ရမည်းသင်းမြို့ မဈေးသန့်ရှင်းရေး ဆောင်ရွက်

ရမည်းသင်း ဇူလိုင် ၁

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇွန် ၂၂ရက်က မြို့မဈေးကြီး အတွင်း၊ အပြင် သန့်ရှင်းရေးအတွက် မြို့မဈေးအတွင်းရှိ ရေနုတ်မြောင်းများမှ အမှိုက်များ၊ နုန်းများ ရှင်းလင်းသိမ်းဆည်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်းနှင့်ဒုတိယ ဦးစီးမှူး (ဈေး) ဦးမျိုးထွန်းတို့ အနီးကပ် ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။**(က-ပ)**

ဇူလိုင် ၇ရက်က မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီ မြို့တွင်းလမ်းများ၊ တစ်ကွက်ပေါက် တစ်ကွက်ဖာထေး စနစ်ဖြင့် မော်လမြိုင်ကျွန်းမြို့ တပင်ရွှေထီးလမ်းမပေါ်ရှိ လမ်းပေါက်များ ဖာထေးမှုကို အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်စိုးတို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကွင်းဆင်းကြီးကြပ်

ချင်းပြည်နယ် ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သောဇီးဖြူကုန်းရပ်ကွက်နှင့် မြို့ပတ်လမ်းပေါ်ရှိ ကွန်ကရစ်အုတ်မြစ်ရိုးစီ သစ်သားတံတား တည်ဆောက်မှုကို ဇွန် ၁၈ရက်က အမှုဆောင်အရာရှိ ဦးလှမိုး ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ–(၂၀၀၄)

Seventeenth Gems & Jade Sales of The Union of Myanmar Economic Holdings Limited

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ၂၀၀၄ကို ၁၆–၈–၂၀၀၄ရက်နေ့မှ ၁၉–၈–၂၀၀၄ ရက်နေ့အထိ အမှတ် ၆၆၊ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

(က) ၁၆–၈–၂၀၀၄ရက်နေ့မှ ၁၈–၈–၂၀၀၄ရက်နေ့အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း။

(ခ) ၁၉–၈–၂၀၀၄ရက်နေ့တွင် Bargain and Auction စနစ်များဖြင့် ရောင်းချခြင်း။

၂။ ဝယ်ယူလိုသူများသည် ၁၃–၈–၂၀၀၄ရက်နေ့မှစ၍ မှတ်ပုံတင်ကြေး နိုင်ငံသားကျပ် ၄၀၀၀၊ နိုင်ငံခြားသားEURO (၂၀)နှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါသည်။

၃။ ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များမှလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည် လက်ဝတ်ရတနာများကို ၂၀–၇–၂၀၀၄ရက်နေ့မှ ၃၀–၇–၂၀၀၄ရက်နေ့အတွင်း လာရောက်အပ်နှံနိုင်ပါသည်။

၄။ ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် ဝ၃သမ၄ ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရောင်းချရပါက ရောင်းရငွေပေါ်တွင် ရတနာခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာရူဘီအင်တာပရိုက်(စ်)
အမှတ် ၂၄/၂၆(ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ)
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း– ၃၇၀၀၅၃၊ ၃၇၀၅၆၁

မြန်မာအင်ပီရီရယ်(လ်)ဂျိတ်
အမှတ် ၂၄/၂၆(ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ)
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း– ၃၇၀၀၂၇၊ ၃၇၀၅၆၄

ဝန်ထမ်းအလိုရှိသည်
(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

သျှင်ပါကူအထူးကုဆေးခန်းတွင် ခန့်ထားရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ တာဝန်ကျဆရာဝန် (M.O) ကျား/မ (၂)ဦး

(က) M.B., B.S ဘွဲ့ရပြီးသူဖြစ်ရပါမည်။

(ခ) ဆ–မ လိုင်စင် ပါရှိရပါမည်။

(ဂ) အသက် ၃၀ မှ ၄၀ နှစ်အတွင်း

၂။ အရည်အချင်း/အတွေ့အကြုံပေါ်မူတည်၍ အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပါမည်။ လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ဆ–မ လိုင်စင်မိတ္တူ၊ အောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်းတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

သျှင်ပါကူအထူးကုဆေးခန်း
အမှတ် ၇၁/၇၃၊ ဖိုးစိန်လမ်းထိပ်၊ဗဟန်းမြို့နယ်၊
ဖုန်း–၅၅၇၄၄၄၊ ၅၄၉၈၂၀၊၅၄၈၇၇၉။



ဖခင်အမည်မှန်

စစ်မှူထမ်းဟောင်းစံပြကျေးရွာ အမှတ် (၁) အထက်တန်းကျောင်း နဝမတန်း (C)မှ မောင်ဘုန်းမြတ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့် ၁၂/လကန (နိုင်) ၁၂၂၂၇၁ ဖြစ်ပါသည်။ **ဦးမျိုးမြင့်။**

ရောင်းမည်/ငှားရန်

Junction 8 ကိုးလွှာ ရောင်းမည်

ခရီးစဉ်မျိုးစုံအတွက် Aircon Mini Bus, Saloon မျိုးစုံနှစ်ချုပ်၊ လချုပ် ငှားရန်ရှိသည်။ အကျိုးတူပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။ **ဖုန်း–၅၂၄၆၈၆။**

အမည်ပြောင်း

ကျွန်တော် စောမြဒင် မှတ်ပုံတင်အမှတ် ၁၄/ခနဖ(နိုင်)၀၀၃၅၁၁ အား ယနေ့မှစ၍ ဆာမွယ်စောမြဒင်ဟု ပြောင်းလဲခေါ်ပါရန်။

ဆာမွယ်စောမြဒင်။

အလိုရှိသည်

တရုတ် မြန်မာ ဘာသာပြန်စကား ကျွမ်းကျင်သူ ကျား/မ (၃)ဦး အလိုရှိသည်။

စုံစမ်းရန်

ချင်စုမေဖလားဝါး
အထပ်သားစက်ရုံ
စက်မှုဇုန်၊ ဥသျှာမြို့သစ်၊
ပဲခူးမြို့
ဖုန်း–၀၅၂–၂၂၂၄၇၊ ၂၂၂၄၈။

ဖခင်အမည်မှန်

ကွမ်းခြံကုန်းမြို့ အထက(၁) ဒသမတန်း (B)မှ နန့်နီလာအောင်နှင့် အဋ္ဌမတန်း(A)မှ နန့်အေးမြသူ၏ ဖခင်အမည်မှန်မှာ ဦးတင်လှ ၁၂/ကခက(နိုင်) ၀၄၁၉၃၂ ဖြစ်ပါကြောင်း။ **ဦးတင်လှ။**

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ကျော်
အသက် (၅၃)နှစ်

ရွှေသံလွင် ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်မှ DMDဦးအောင်ကျော် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲမိပါကြောင်း။

Asian Technology Group Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ကျော်
အသက် (၅၃)နှစ်

ရွှေသံလွင် ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်မှ DMD ဦးအောင်ကျော် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲမိပါကြောင်း။

Thein Than San Co., Ltd.

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက် ၄၇လမ်း တိုက်အမှတ် ၁၄၂၊ (ပထမထပ်)အကျယ်အဝန်း ၂၅ပေ x ပေ၆၀ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ဖုန်း–၂၉၈၅၃၈၊ အိမ်သုံးမီတာနှစ်လုံးနှင့် ရေစုပ်စက်တို့ကို မိခင်ဒေါ်ကျင်နုအမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ၎င်းကွယ်လွန်ပြီးနောက်တွင် ဒေါ်အမာ၁၂/ဗဟန(နိုင်)၀၈၃၅၁၉၊ ဒေါ်တင်ဝင်းဝင်းခိုင်၊ ၁၂/ဗတထ (နိုင်) ၀၀၆၈၅၈နှင့် ဦးနိုင်ဦး ၁၂/ဗဟန (နိုင်) ၀၄၆၄၉၀ တို့ သုံးဦးအမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။

အဆိုပါပစ္စည်းအရပ်ရပ်တို့ကို အထက်အမည်ပါ အမွေဆက်ခံသူ သုံးဦး သဘောတူညီချက်မရှိဘဲ မည်သူတစ်စုံတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးဝင်းထိန်၊ ဦးကြည်တင်
တရားရုံးချုပ်ရှေ့နေများ
အမှတ်၄၈/၅၀ (မြေညီထပ်)၊ ဘဏ်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
အိမ်ဖုန်း–၅၈၄၂၇၂၊ ၅၇၂၅၇၀။

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ထွဋ်တင် (လ/ထ အင်ဂျင်နီယာ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ညောင်ဦးခရိုင်၏ ဖခင် ဦးတင်လှသန်း ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ညောင်ဦးမြို့။

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါ်တင်ရွှေ(ခ)ဒေါ်လုံမ (ဖလုံ)

ကျေးဇူးရှင်မေမေ မိသားစုနှင့်ခွဲခွာသွားသည်မှာ တစ်နှစ်တိတိပြည့်ခဲ့ပါပြီ။ မေမေ့ကျေးဇူးတရားများကို နေ့စဉ် အောက်မေ့တသလျက် ပြုပြုသမျှကောင်းမှု အစုစုတို့ကို မေမေရောက်ရှိရာ ဘုံဘဝက ရရှိခံစားနိုင်ပါစေ။ သာဓုခေါ်ဆိုနိုင်ပါစေ။

သမီးကြီး–ဒေါ်စန်းစန်းမြင့်(ကထိက၊ ဓာတုဗေဒဌာန၊ WYU)
မြေး –မသဇင်ဦး (1st Year, UCSY)

မန္တလေးမြို့ရှိ သစ်အချောထည်စက်ရုံရောင်းရန်
(Export Quality)

- မြေ ၅ ဧကကျော် အကျယ်အဝန်း
- ဂိုဒေါင်၊ ရုံးခန်း၊ ဝန်ထမ်းနားနေဆောင်၊ ရေ၊ မီး၊ ထရန်စဖော်မာ၊ အချောထည်စက်အပြည့်အစုံ
- ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း–၀၉–၅၀၀–၅၇၁၅

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးစိုးတင့် (၁၂/သဃက (နိုင်) ၀၂၀၅၈၅)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ ရန်ကုန်မြို့ ၊သဃ်န်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် ရတနာလမ်း အမှတ်(၁၃/ခ)အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရာ ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၆–၂) မြေကွက်အမှတ်(၁၃/ခ)(၂၀'x ၆၀')ရှိ နှစ်(၆၀)ဂရန်မြေတို့ကို ရန်ကုန်တိုင်း တရားရုံး၏ တရားမကြီးမှုအမှတ် ၂၇၄/ ၂၀၀၃၊ ၆၆၅/၂၀၀၃ ရန်ကုန်မြို့ တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ် ၂၂၉/ ၂၀၀၄၊ ၂၃၀/ ၂၀၀၄တို့အရ ဦးရဲလင်းက ဦးစိုးတင့်သို့လက်ရောက် လွှဲပြောင်းပေးအပ်စေရန် အမိန့်ချမှတ်ပြီးဖြစ်ပါ၍ မည်သူမဆို ပြင်ဆင်၊ တိုးချဲ့၊ ဖြုတ်ပယ်၊ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်းပြုလုပ်ပါက ပြစ်မှုကြောင်းအရရင်း၊ တရားမကြောင်းအရရင်း တရားစွဲအရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအောင်ကျော်ဟန် B.A(Law).,LL.B
တရားရုံးချုပ်ရှေ့နေ
တိုက်–၁၂၊ အခန်း (၁၈) ဖဆပလရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းဖေ
ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
ဥက္ကဋ္ဌ၊ မင်းဘူးအသင်း(ရန်ကုန်)

မင်းဘူးအသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးဝင်းဖေ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့၊ မင်းဘူးအသင်း(ရန်ကုန်)။

ဝမ်းနည်းကြေကွဲခြင်း
မောင်အောင်ချမ်းမင်း (ခ) မောင်ဝေဖြိုးဦး
အသက်(၁၁)နှစ်

ရေအားလျှပ်စစ်ဦးစီးဌာန ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှ လ/ထ ညွှန်ကြားရေးမှူး(၂) ဦးစန်းဝေ–ဒေါ်ခင်စန်းကြည်တို့၏ သား မောင်အောင်ချမ်းမင်း(ခ)မောင်ဝေဖြိုးဦးသည် ၁၅–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

High Tech Concrete Technology Co., Ltd.မှ
အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းမိသားစု။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၇၄၂၁၉ သည် မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ထားဝယ်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး (ထားဝယ်)။**

ဒေါ်တင်အေး (ကန်ကြီးရွာ)
အသက်(၈၅)နှစ်

ကွမ်းခြံကုန်းမြို့နေ (ဦးဇပေါ်–ဒေါ်မြနု) တို့၏သမီးကြီး၊ (ဦးရှမ်း) (CMAငြိမ်း)၏ဇနီး၊ (ဦးမောင်မောင်အေး)၊ ဦးသီလာစာရ(ခ)ဦးလှထွန်း၊ (ဒေါ်ခင်ငွေး)၊ (ဦးစိန်ဝင်း)၊ ဒေါ်ခင်ထွေးရီ (ဦးစိန်လင်း)၊ ဦးဟန်တင်တို့၏ အစ်မကြီး၊ ကိုလှမျိုးမင်း–မနီနီတျာလိုင်၊ (ကိုသန်းဝင်းအောင်)၊ (ကိုခင်စိုးအောင်) တို့၏ မိခင်၊ အမှတ် ၁၅၃၊ မောင်းမကန်ကမ်းသာလမ်း၊ (၁၉/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဒေါ်တင်အေးသည် ၁၈–၇–၂၀၀၄ရက် နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၇–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး

ဦးညိုဝင်း (ခရမ်း)
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့ မင်းလမ်းနေ (ဦးစိမ်းမောင်–ဒေါ်သန်းတင်) တို့၏သား၊ သံဖြူဇရပ်မြို့နယ်၊ ကရုပ်ပို ကျေးရွာနေ ဒေါ်ရုပ်မ၏ သားသမက်၊ ဦးအောင်ကြည်–ဒေါ်မြင့်မြင့်၊ ဦးမောင်သီ–ဒေါ်လှစီ၊ ဦးလှတိုး–ဒေါ်ခင်စန်းတို့၏ညီ၊ ဦးညိုဝင်း–ဒေါ်စောမူ၊ ဦးကျော်ရဲထွန်း–ဒေါ်မြင့်မြင့်ကြည်၊ ဦးကျော်သိန်းထွန်း–ဒေါ်လှဲလှဲဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးတင်ထွန်း–ဒေါ်ဝင်းမာ၊ ဒေါ်မဋ္ဌုနိုင်တို့၏အစ်ကို၊ ဒေါ်အေးသန်း၏ခင်ပွန်း၊ မတင်ညိုမြင့်၊ မယုယုမွန်၊ မောင်ရန်နောင်စိုး၊ မောင်သူရစိုး၊ မယုသဇင်အောင်တို့၏ဖခင်သည် ၁၂–၇–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ သင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

ဦးဝင်းဒင်(ခ)ဦးလှမောင် (နတ်တလင်း)
ဒုတိယစက်မှုလက်မှုညွှန်ကြားရေးဝန်(ငြိမ်း)
ညွှန်မှူး(မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း၊ငြိမ်း)
နတ်တလင်းမြို့ဘိုးဘွားရိပ်သာ မတည်အလှူရှင်
အသက်(၈၅)နှစ်

နတ်တလင်းမြို့နေ(ဦးကျော်-ဒေါ်အုံးစိန်)တို့၏သား၊ခေတ္တ-ဩစတြေးလျနိုင်ငံနေ ဒေါ်မြသွင်၏ခင်ပွန်း၊ နတ္တလင်းမြို့ဈေးလမ်းနေ (ဦးရှိန်-ဒေါ်ကြင်မြ)တို့၏မောင်၊ နတ်တလင်းမြို့နေ ဦးတင်လှိုင်-ဒေါ်သန်းကြည်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ (ဒေါက်တာဦးထွန်းဦး) - ဒေါ်ခင်စောတို့၏ အစ်ကိုသည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ၂၂-၇-၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ဆစ်ဒနီမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးခင်မောင်မြင့် (၃)
လ/ထ ညွှန်မှူး(ငြိမ်း)၊အကောက်ခွန်ဦးစီးဌာန
(ရမည်းသင်း)
အသက်(၇၄)နှစ်

ရမည်းသင်းမြို့၊ (ဦးဖေထွန်း-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့ (ဦးယုဂျင်း-ဒေါ်အမာ)တို့၏သားသမက်၊ ဒေါ်ခင်မိမိ (တက္ကသိုလ်ဘာသာပြန်ဌာန၊ငြိမ်း)၏မောင်၊ ဆရာဦးဝင်းမောင်၊ ဒေါ်ခင်စန်းနွဲ့တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၂၇၃၊ အခန်း ၅ နေ ဒေါ်ချိုချို (အထက-၄၊ မရမ်းကုန်း၊ ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်ဇေယျ(ရွှေမြင်းနှစ်ကောင်ကုမ္ပဏီ)-ဒေါ်သဇင်ထွန်း၊ ဦးမျိုးမြင့်မော် (2nd Mate,FG)-ဒေါ်စန္ဒာတင် (MGS Food Co.,Ltd)၊ ဦးမျိုးတင့်ဇော်(Myanmar Lighting Many factaring Co., Ltd.)တို့၏ဖခင်၊ ဦးခင်မောင်ဝင်း(စစစ)ရန်ကုန်တိုင်း၏ဦးလေး၊ မဇင်နှင်းဖြူ(အထက-၂၊ ဗဟန်း)၊ မသန္တာလင်းကျော်(ရန်ကင်း TTC)တို့၏ အဘိုးသည် ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁:၄၅ နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းဒင်(ခ)ဦးလှမောင်
(နတ်တလင်း)
ဒုတိယစက်မှုလက်မှု ညွှန်ကြားရေးဝန်(ငြိမ်း)
ညွှန်မှူး(မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း၊ငြိမ်း)
နတ်တလင်းမြို့ဘိုးဘွားရိပ်သာ မတည်အလှူရှင်
အသက်(၈၅)နှစ်

ဦးခင်မောင်ဦး-ဒေါ်မြင့်မြင့်ဦး၊ (ဒေါ်ရီရီမြင့်)၊ ဦးသိန်းလွင်-ဒေါ်ခင်စောဟန်၊ ဦးယုဟန်-ဒေါ်ရွှေ၊ ဒေါက်တာရဲမြင့်အောင်-ဒေါက်တာနွယ်နွယ်ဦး၊ ဦးသက်ဆွေ-ဒေါက်တာခင်သူဇာ၊ ဦးကျော်စိုးဦး(MRTV)၊ (ကိုမြတ်စိုးဦး)၊ ကိုဝင်းအောင်ဦး၊ ကိုမောင်မောင်တင်ညွန့်ပု-မမြတ်ဖြိုးဖြိုး၊ ကိုဇော်မင်းမင်း-မသင်းသင်းဆိုင်တို့၏ ဦးလေးကြီးသည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ၂၂-၇-၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ဆစ်ဒနီမြို့၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူတူ၊တူမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သက်တော်ရှည်တောရဆရာတော်ကြီး
ဘဒ္ဒန္တ တိဿရ မဟာထေရ်
(သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဂန္ထဝါစက အရညဝါသီ)
ရန်ကင်းတောရ၊ နဘူးကျင်း-ရမည်းသင်း
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ

မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ နဘူးကျင်းရွာအနီး၊ ရန်ကင်းတောရနှင့် လယ်ဝေးမြို့နယ် ထန်းတပင်တောရများ၌ သီတင်းသုံးတော်မူသော ဝိနယဂရုက စုတင်္ဂရေ ဂန္ထကာရကဖြစ်တော်မူသည့် ဘဒ္ဒန္တ တိဿရ မဟာထေရ်သည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက် (၂၂-၇-၂၀၀၄ရက်) ကြာသပတေးနေ့ ည ၈:၂၅ နာရီတွင် နဘူးကျင်းရွာအနီး ရန်ကင်းတောရ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက် (၂၆-၇-၂၀၀၄ရက်) တနင်္လာနေ့တွင် နဘူးကျင်းရွာအနီး ရန်ကင်းတောရ၌ အန္တိမအဂ္ဂိဈာပနကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊နဘူးကျင်းရွာ၊
ရမည်းသင်းမြို့နယ်။

ဒေါ်လှလှ (ရမည်းသင်း)
B.A, B.L, DT
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊အထက(၃)အလုံ
အသက်(၈၀)

ရမည်းသင်းမြို့၊ ဝါတိုးရပ်နေ (ဦးဘသန်း-ဒေါ်ငြိမ်း)တို့၏သမီးထွေး၊ (ဦးသက်)၊ (ဦးလွင်)၊ (ဒေါ်နှင်း)၊ (ဒေါ်ခင်သိုက်)၊ (ဦးရွှေမြတ်) ဒေါ်မြမြတို့၏ ညီမသည် ၂၃-၇-၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ဖိတ်ကြားအပ်ပါသည်

ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၀၄ရက်တွင် တိုက် ၅၊ အခန်း ၁၈၊ ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်မြို့နယ် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်မှူ (ပုသိမ်)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်အမှတ် ၁၁၂၊ အခန်းအမှတ် ၆ နေ(ဦးမိုဒင်-ဒေါ်လှရင်)တို့၏သား၊ ဒေါ်ကျော့ကျော့တင်၏ခင်ပွန်း၊ ဦးရဲသွင်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်တင်မိုးဝေ(အထက-၂၊ ရန်ကင်း)၊ ဒေါ်ခင်မိုးမြင့်၊ ဒေါ်ခင်မျိုးဋ္ဌေး(ပြည်သူ့လွှတ်တော်ဆောက်လုပ်ရေး)၊ (ဒေါ်ဥမ္မာအေး)၊ ကိုတင်မောင်နိုင်၊ ဦးဋ္ဌေးလွင်(ASIA World Port Terminal)-ဒေါ်ခင်မျိုးအေးတို့၏ဖခင်၊ မခိုင်ငြိမ်ဇင် (V- A၊ အထက-၂၊ ရန်ကင်း)၏ အဘိုးသည် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ကျင်ရှု (မော်လမြိုင်မြို့)
(မော်တလိန်းဂျက်ဆင်)
အသက်(၈၄)နှစ်

မော်လမြိုင်မြို့နေ (ဦးလုံ-ဒေါ်ကျင်ဝါ)တို့၏သမီး ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၁၁၁၊ နံ့သာကုန်းရိပ်သာလမ်းနေ (ဦးဧသွင်)၏ဇနီး၊ ဦးမြတ်သန်း(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်မော်လီအေး(ခ)ဒေါ်အေးအေးနှင့်ဦးကျော်ဆွေဝင်း(Golden Horse Clearance Agency)တို့၏မိခင်၊ ဦးအောင်မြတ်ကျော် (Orchestra Travels and Sandoway Resort)-ဒေါ်သီသီမင်း၊ဒေါ်မြတ်သီတာအေး(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးရဲမြတ်ကျော်-ဒေါ်ချိုလေးမာ၊ ဦးသွင်မြတ်ကျော်-ဒေါ်မြတ်သန္တာခိုင်တို့၏အဘွား၊ မောင်ချမ်းချမ်း၊ မောင်နီကိုးလ်၊မောင်တီးနိုတို့၏ဘွားဘွားကြီးသည် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄:၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၇-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ ရွာမနှစ်ခြင်းအသင်းတော်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကြည်သိန်း (ရွှေနဂါးနီရွှေဆိုင်)
အသက်(၅၆)နှစ်

ကျောက်ပန်းတောင်းမြို့နယ်၊အင်တောကျယ်ကျေးရွာနေ (ဦးအောင်သူ-ဒေါ်ခို)တို့၏သား၊ (ဦးဘရှင်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ မြောက်ပိုင်းရပ်ကွက်၊ အမှတ် ၅၅၊ ပြည်လမ်း (ပန်းမြိုင်လယ်တည်းခိုခန်း)နေ ဒေါ်မြင့်မြင့်ခင်၏ခင်ပွန်း၊ ကိုနေမင်းကျော်စွာ၊ ကိုနေမင်းဇော်၊ မလတ်လတ်ဇော်၊ကိုသော်တာဇော်၊ မမြနန္ဒဇော်တို့၏ဖခင်သည် ၁၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက်တွင် ရဲစုသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဖာတမာဘီဘီကရ်ဝါး(ခ)
ဒေါ်ချိုတီ (ပုသိမ်မြို့)
အသက်(၉၃)နှစ်

(ဦးအာမက်ကရ်ဝါး-ဒေါ်နီရှာ)တို့၏သမီးကြီး၊ (ဦး S.ရာဟ်မာန်-ဒေါ်မိုင်မွန်)တို့၏သမီးချွေးမ၊ ပုသိမ်မြို့၊ အမှတ် ၃၅၂၊မဟာဗောဓိလမ်းနေ[ဟာဂျီမိုဟမ္မဒ်အီဆာ(ခ)ဟာဂျီဦးထွန်းအောင်]၏ဇနီး၊ ဟာဂျီမဒေါ်ဝင်းကြည် - [အလ်ဟာဂျီဦးမောင်မြင့်(ခ)ဦးမြင့်မောင်] (ရှုခင်းသာ၊ မဟူရာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ မိုးကြိုးတည်းခိုရိပ်သာ)၊ ဦးစန်းမြင့်(ငြိမ်း၊ မြို့နယ်အင်/ယာ)-ဒေါ်အေးကြည်၊ ဦးစန်းလှိုင် (ငြိမ်း၊ မြန်မာ့ဆိပ်ကမ်း)၊ ဦးစန်းလွင်(စိုက်/ဆေး၊ မြို့မဈေးရုံ-၅)-ဒေါ်အမာနီ၊ ဒေါ်တင်အောင်(ကုန်မျိုးစုံဖြန့်ချိရေး၊ မြို့မဈေးရုံ-၅)၊ ဒေါ်အမာကြည်(ငြိမ်း၊ အထက-၆၊ ပုသိမ်)တို့၏မိခင်ကြီး၊မြေး ၁၆ ယောက်၊ မြစ် ၁၄ ယောက်တို့၏ အဘွားသည် ၂၁-၇-၂၀၀၄ရက် နံနက် ၀၀:၁၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာဇ်အပြီးတွင် ပုသိမ်မြို့ ဘန့်ဘွေးကုန်း စွန်နီကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးမြသောင်း (ကျိုက်လတ်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၂၉၆၊ ဗြဟ္မစိုရ်လမ်း၊ (၆)ရပ်ကွက်နေ (ဦးသူငယ်-ဒေါ်ငြိမ်း)တို့၏သား၊ ဒေါ်ခင်သန်း၏ခင်ပွန်း၊ ဦးအောင်သိန်းထွန်း-ဒေါ်ဋ္ဌေးဋ္ဌေးဝင်း၊ ဦးအောင်သိန်းဝင်း(ခ)ဦးဇီဝ၊ ဦးအောင်သိန်းဆွေ-ဒေါ်မြမြမော်၊ ဒေါ်မာမာအေး (S.A.T၊ အထက-၁၊ တောင်ဥက္ကလာပ)တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၀၄ရက် (သောကြာနေ့) နံနက် ၅:၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဖာတမာဘီဘီကရ်ဝါး(ခ)
ဒေါ်ချိုတီ (ပုသိမ်မြို့)
အသက်(၉၃)နှစ်

(ဦးအာမက်ကရ်ဝါး-ဒေါ်နီရှာ)တို့၏သမီးကြီး၊ (ဦး S.ရာဟ်မာန်-ဒေါ်မိုင်မွန်)တို့၏သမီးချွေးမ၊ပုသိမ်မြို့၊ အမှတ် ၃၅၂၊ မဟာဗောဓိလမ်းနေ [ဟာဂျီ မိုဟမ္မဒ်အီဆာ(ခ)ဟာဂျီဦးထွန်းအောင်]၏ဇနီး၊ ဦးစန်းလွင်(စိုက်ပျိုးရေးသုံး ဆေးပစ္စည်းဆိုင်၊ မြို့မဈေးရုံ-၅)-ဒေါ်အမာနီတို့၏မိခင်ကြီး၊ ကိုကျော်ဦးလွင် (B.Sc-Maths:Q)၊ ကိုဝင်းမော်လွင် (B.E-Petro:Q)၊ ကိုကျော် မိုးလွင် (B.Sc-Phy:Q)တို့၏အဘွားသည် ၂၁-၇-၂၀၀၄ရက် နံနက် ၀၀:၁၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာဇ်အပြီးတွင် ပုသိမ်မြို့ ဘန့်ဘွေးကုန်း စွန်နီကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်လွင် (B.Ed)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ တိုက် ၁၀၉၊ အခန်း ၅ နေ (ဦးအုန်းလွင်-ဒေါ်လှလေး)တို့၏သမီးကြီး၊ ဦးလှတင်-ဒေါ်မြကြည်စိန်၊ ဦးစိန်ညွှန့်-ဒေါ်ခင်တင့်၊ (ဦးတင်ဦး-ဒေါ်မြလေး)တို့၏တူမ၊ ဒေါ်သန်းသန်းလွင်-ဦးဘုန်းမော်၊ ဦးလွင်လေး-(ဒေါ်ဥမ္မာသိန်း)တို့၏အစ်မ၊တူမ လေးယောက်တို့၏ကြီးတော်သည် ၂၃-၇-၂၀၀၄ရက် နံနက် ၁၁:၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဖာတမာဘီဘီကရ်ဝါး(ခ)
ဒေါ်ချိုတီ (ပုသိမ်မြို့)
အသက်(၉၃)နှစ်

(ဦးအာမက်ကရ်ဝါး-ဒေါ်နီရှာ)တို့၏သမီးကြီး၊ (ဦးS.ရာဟ်မာန်-ဒေါ်မိုင်မွန်)တို့၏သမီးချွေးမ၊ ပုသိမ်မြို့၊ အမှတ် ၃၅၂၊ မဟာဗောဓိလမ်းနေ [ဟာဂျီမိုဟမ္မဒ်အီဆာ(ခ)ဟာဂျီဦးထွန်းအောင်]၏ဇနီး၊ ရန်ကုန်မြို့၊ ၃၄ လမ်း၊ အမှတ် ၁၁၆/၁၂၄ နှင့် မဟာဗန္ဓုလလမ်း၊ အမှတ် ၅၁၂/၅၁၄ နေ ဟာဂျီမဒေါ်ဝင်းကြည်-[အလ်ဟာဂျီဦးမောင်မြင့်(ခ)ဦးမြင့်မောင်] (ရှုခင်းသာ၊ မဟူရာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ မိုးကြိုးတည်းခိုရိပ်သာ)၊ တို့၏မိခင်ကြီး၊ အလ်ဟာဂျီဦးသန်းဝင်း-ဟာဂျီမဒေါ်ခင်သီတာ၊ဟာဂျီမဒေါ်ဘောဘီ၊ ဟာဂျီမဒေါ်လှလှဝင်း၊ ဟာဂျီဦးမောင်မောင်ဦး-ဒေါ်မိုးမိုး၊ ဟာဂျီ ဦးကိုကိုအောင်-ဟာဂျီမဒေါ်ချိုချိုဝင်း၊ ဟာဂျီဦးမောင်မောင်လတ်-ဒေါ်စန္ဒာ၊ ဦးကျော်စိုး-ဒေါ်စန္ဒာဝင်းတို့၏အဘွား၊ မြစ် ၁၀ ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၇-၂၀၀၄ရက် နံနက် ၀၀:၁၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာနမာဇ်အပြီးတွင် ပုသိမ်မြို့ ဘန့်ဘွေးကုန်း စွန်နီကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကျင်အောင် (ပုသိမ်)
စီမံ(၃)၊ (ငြိမ်း၊ စား/ထွေ)
အသက်(၆၉)နှစ်

ပုသိမ်မြို့၊ ဆေးရုံးတန်းလမ်း၊ အမှတ် ၁၅ နေ (ဦးခိုင်ချောင်း-ဒေါ်စောတင်)တို့၏သား၊ (ဦးစိန်မောင်)-ဒေါ်တင်ဝင်းတို့၏ညီ၊ ဦးတင်ထွန်း-ဒေါ်ခင်ဝင်း၊ ဦးအောင်ထွန်းကြွယ် - ဒေါ်ခင်သင်း၊ ဦးဝင်းအောင်-ဒေါ်ကြည်လေး၊ ဦးဝင်းစိန်-ဒေါ်ခင်စန်းဝင်း၊ (ဦးတင့်ဝေ)-ဒေါ်ခင်သန်းဝင်း၊ (ဦးကျော်တင့်)-ဒေါ်ခင်သန်းထွေးတို့၏အစ်ကိုသည် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမတစ်စု။

ဦးခင်မောင်သန်း
အုပ်ချုပ်ရေးမှူး(ငြိမ်း)
တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်း
အသက်(၆၉)နှစ်

(ဦးသိန်းမောင်၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊စာတိုက်)-ဒေါ်မြဒေါင်း၊ စစ်ကိုင်း)တို့၏သားကြီး၊ ဒေါက်တာခင်မြသွင် (ဆေးရုံအုပ်ကြီး၊ ငြိမ်း၊ New Y.G.H)၊ ဦးတင်မောင်စန်း (ဦးစီးအရာရှိ၊ ငြိမ်း၊ ပြည်နယ်သမဦးစီး၊ တောင်ကြီး)-ဒေါ်သန်းစိန်တို့၏အစ်ကို၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့် ၂ လမ်း၊ အမှတ် ၉ နေ မခင်ခင်မိုး-ကိုတင်မျိုးသန့်၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၃၉/၄၁(ခုနစ်လွှာ)နေ ကိုမျိုးသန်း-မခင်သန်းဋ္ဌေး(အထက်တန်းသူနာပြု၊ New Y.G.H)တို့၏ဖခင်၊ဒေါက်တာချိုဇော်၊ ကိုညီမော်၊ မဩသူဇာ၊ မောင်စိုးရာဇာ၊ မကြော့သူဇာ၊ မောင်ထွန်းရာဇာတို့၏ဘကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၀၄ရက် ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအားအကြောင်းကြားပါသည်။ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး အအေးတိုက်နှင့်ပုသိမ်ညွှန့် အိမ်တို့မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမောင်ကြီး
အမက(၉)တာမွေ(ငြိမ်း)
အသက်(၈၀)

ရန်ကုန်မြို့၊ ပုသိမ်ညွှန့်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၈၀(ခြေရင်းငါးလွှာ)နေ (ဦးထွန်းဘော်-ဒေါ်ထွေး)တို့၏သား၊ (ဒေါ်သန်းတင်)၏ခင်ပွန်း၊ (ဦးမြင့်လွင်)-ဒေါ်ခင်တာတာ၊ (ဒေါ်ခင်မာမာ)၊ ဒေါ်ခင်ဝါဝါတို့၏ဖခင်၊ မောင်ဟန်မြင့်ဦး(ပွဲစားသောက်ဆိုင်)၊ မောင်ဟန်မင်းမင်း(Electronic)၊ မဆွေဇင်ချော(မေတ္တာဦးမျက်စိအထူးကုဆေးခန်း)၊ မောင်သီဟံဟိန်း(ပနှစ်၊ဘူမိ)၊ မဝေလွင်စောနှင့် မြေး ၁၄ ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၀၄ရက်(သောကြာနေ့) ညနေ ၆:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရင် (ကမာရွတ်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၄၀ နေ (ဦးစိန်ငွေ-ဒေါ်ငွေညွန့်)တို့၏ သမီး၊ (ဦးကြူလှိုင်-ဒေါ်မြမေ)၊ ဦးပညာသီဟ (နွယ်ခွေဆရာတော်)၊ (ဦးချစ်ဟန်-ဒေါ်ငွေတင်)၊ ဒေါ်သန်းကြင်တို့၏ညီမ၊ ဦးငွေဘော်(အထကကျောင်းအုပ်ကြီး-ငြိမ်း)-(ဒေါ်တင်ရွှေ)၊ (ဒေါ်ခင်ငွေ)၊ ဦးမြင့်စိန်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်လှိုင် (လူမှုဝန်ထမ်းဌာန)၊ ဦးအုန်းသွင်-ဒေါ်ကြင်ကြင်ရွှေ(အမက-၃၊ မင်္ဂလာတောင်ညွှန့်)၊ (ဦးမြင့်သန်း)-ဒေါ်နှင်းရီ၊ ဒေါ်အေးအေးဝင်း(အထက-၁၊ မရမ်းကုန်း)၊ဒေါ်စန်းစန်းဝင်း၊ဦးသန်းထိုက်-ဒေါ်နီလာမိုး၊ ဦးကျော်ဆန်းလွင်-ဒေါ်မြင့်မြင့်ထွန်းတို့၏အဒေါ်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားလေးသည် ၂၃-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာဂန္ထဝါစကပဏ္ဍိတ
ဓမ္မာစရိယမဟာဒွါရနိကာယအနုနာယက
ဆရာတော် ဘဒ္ဒန္တ တေဇာလင်္ကာရ
သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၃)ဝါ

ပဲခူးမြို့၊ ရွှေမော်ဓောဘုရားမြောက်ဘက်မုခ်၊ ဓာတ်တော်ကျောင်း၊ ကမ္ဘဋ္ဌာန်းကျောင်းစာသင်တိုက်၊ သိရီအောင်မင်္ဂလာကျောင်းတိုက်များ၏ ဦးစီးပဓာနနာယကအရှင်သူမြတ်သည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်(၂၃-၇-၂၀၀၄ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ ရက် (၂၉-၇-၂၀၀၄ရက်) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌အန္တိမအဂ္ဂိဈာပနပူဇာ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ၊
ဓာတ်တော်ကျောင်း၊ပဲခူးမြို့။

ဦးခင်မြင့် (၁)
လ/ထ ညွှန်မှူး(ငြိမ်း)
အကောက်ခွန်ဦးစီးဌာန
အသက်(၈၇)နှစ်

(ဦးဘသော်-ဒေါ်စိန်မြ)တို့၏ သား၊ (ဦးဘကျန် - ဒေါ်သင်း)တို့၏ သားသမက်၊(ဒေါ်တင်ဦး)၏ခင်ပွန်း၊(ဦးကျော်နိုင်)-ဒေါ်မြင့်မြင့်စိုး၊ ဒေါ်နီလာမြင့်-ဦးအောင်ကျော်ဦး(ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဒေါ်နန်းလှခင်(မြို့နယ်ကျန်းမာရေးမှူးရုံး၊နမ့်ခမ်းမြို့)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၅ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက် (သောကြာနေ့)တွင် နမ့်ခမ်းမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကျင်အောင် (ပုသိမ်)
စီမံ(၃)၊ (ငြိမ်း၊ စား/ထွေ)
အသက်(၆၉)နှစ်

ပုသိမ်မြို့နေ (ဦးခိုင်ချောင်း-ဒေါ်စောတင်)တို့၏သား၊အသုတ်မြို့နေ(ဦးသိန်းရှင်-ဒေါ်ကျင်စိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အမှတ် ၄၁၆ နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးနေမျိုးအောင်-ဒေါ်ချိုတူး၊ ဦးညီညီအောင်-ဒေါ်သစ်သစ်လွင်၊ဦးတင်မျိုးအောင်-ဒေါ်ရွှေစင်မြင့်၊ ဦးခိုင်မျိုးအောင်-ဒေါ်သင်းသင်းခိုင်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့)ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလွင်နိုင်(ခ)ဦးလှမြင့်
(ကျိုက်လတ်)
မြို့နယ်ဦးစီးမှူး(ငြိမ်း)၊စာရင်းစစ်ချုပ်ရုံး
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၄ နေ (ဦးဘရှင်-ဒေါ်ငွေစိန်)တို့၏ သား၊ (ဦးလတ်-ဒေါ်ခင်ခင်)တို့၏ သားသမက်၊ ဒေါ်ဖြူဖြူ(ဆေး-၁၊ ရုံး၊ငြိမ်း)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်မှုန်၏အစ်ကိုကြီး၊ မတိုးတိုးနိုင် (စည်ပင်ဦးစီး၊ ရုံးချုပ်)၊ ကိုရဲနိုင်(စစစ)-မသန်းသန်းအေး(စစစ)၊ ကိုရန်နိုင်-မစောနန္ဒာ (လွှယ်ဟိန်းကုမ္ပဏီ)၊ ဒုတိယဗိုလ်ကောင်းထွဋ်နိုင်(လှိုင်ကော်)တို့၏ဖခင်၊ မသမုဒယရန်နိုင်၏အဘိုး၊ မောင်အေးနိုင်၊ မောင်ဝင်းထွဋ်ဝင်းတို့၏ ဘကြီးသည် ၂၀-၇-၂၀၀၄ရက်တွင် ကန်သာယာဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းရီ
(ကွမ်းခြံကုန်း)
အသက်(၅၅)နှစ်

ကွမ်းခြံကုန်းမြို့နေ ဦးတင်မောင်-ဒေါ်စောကြည်တို့၏သမီး၊ ဦးစိန်မြင့် (လက်ထောက် ပညာရေးမှူး၊ လှိုင်မြို့နယ်)-ဒေါ်စန်း (သမဦးစီး၊ ကွမ်းခြံကုန်း၊ ငြိမ်း)တို့၏ညီမ၊ ဦးတင့်ဝေ (ရေယာဉ်အုပ်)၏ဇနီး၊မခိုင်ငြိမ်းအေးဝေ (ဗိုလ်တထောင်မြို့နယ်၊ စည်ပင်ရုံးရေ/သန့်)၏မိခင်၊ မပြည့်ပြည့်ဖြိုးမြင့် (ဗဟိုဘဏ်)၊ မောင်အောင်ထက်စိုးမြင့် (မြန်မာ့ဩဘာ)၊ မောင်အောင်ထက်ဖြိုးမြင့်(ဖူဂျီဓာတ်ပုံကူးဆေး)တို့၏ အဒေါ်သည် ၂၃-၇-၂၀၀၄ရက် မွန်းလွဲ ၁၂:၂၀ နာရီတွင် အမက(၂၆)လှိုင်ကျောင်းဝင်းရှိ ဦးစိန်မြင့်-ဒေါ်စန်းတို့၏ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ရေတွင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်မြစိန်
အထက(၁)တာမွေ၊(ငြိမ်း)
ညောင်တန်း-ပုဇွန်တောင်
အသက်(၇၁)နှစ်

ဘိုကလေးမြို့နယ်၊ သကံတောရကျေးရွာ၊ဘိုကလေးဆရာတော် ဦးစန္ဒောဘာသ၏ ရဟန်းအမကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ စိန်ချယ်လမ်း၊ အမှတ် ၂၁ နေ (ဆရာကြီးဦးထွန်းမျှင်-ဒေါ်လှကြွေ)တို့၏သမီး၊ (ဒေါ်မြယဉ်၊ အထက-၁၊ပန်းဘဲတန်း)၏ညီမ၊ရန်ကုန်မြို့၊ အမှတ် ၁၁၆၊ ၉၁လမ်း၊ ကန်တော်ကလေးနေ ဦးထွန်းအေး (စီးပွားရေးဘဏ်၊ ငြိမ်း) - ဒေါ်ကြည်ကြည်မြ (ရပကရ၊ ငြိမ်း)၊ ဒေါ်ခင်ခင်စိန်၊ ဦးစိုးမြင့်-ဒေါ်ရီရီသန်း(စီးပွားရေးဘဏ်၊ငြိမ်း)တို့၏အစ်မ၊ဒေါ်မေသန်းဦး(လက်ထောက်မန်နေဂျာ၊ M.I.C.B)၊ ဦးဆန်းလွင်-ဒေါ်အေးအေးကြည် (လက်ထောက်မန်နေဂျာ၊ M.I.C.B)၊ မောင်ကျော်စိုးဟန်၊ မောင်ကျော်စွာအောင်တို့၏ကြီးကြီး၊ မပိုင်းရွှေရည်လွင်၊ မောင်အောင်ကိုလွင်တို့၏ ဘွားလေးသည် ၂၃-၇-၂၀၀၄ရက်(သောကြာနေ့) ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုစန်းလွင်
(ပဲခူး-ကွေ့တန်းရှည်)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း ၂၀၊ အမှတ် ၈၆၃ နေ (ဦးရွှေဝင်း-ဒေါ်အေးသီ)တို့၏သား၊ (ဦးအောင်ရွှေ)-ဒေါ်ခင်ဝင်း၊ ဦးလှထွန်း - ဒေါ်မြမြသောင်း (စက်မှု/အထည်)၊ (ဦးကျော်ညွှန့်)-ဒေါ်ခင်စန်းမြင့်၊ ဒေါ်မြသိန်း၊ ဒေါ်မြဝင်း(စက်မှု/အထည်)၊ ကိုတင်လှိုင်၊ မသန်းသန်းဋ္ဌေး (မြန်မာ့ကြယ်ငါးပွင့်)တို့၏ ညီ/မောင်/အစ်ကိုသည် ၂၂-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။



ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၇)၊ အမှတ် ၁၃နေ
ဦးသက်နိုင် ၁၂/ဗဟန(နိုင်)၀၄၆၇၇၆၊
ဒေါ်ရီရီမြင့်(ခ)မီးမီး GHN-၀၀၂၈၉၅၊
ဒေါ်စန်းစန်းနု B/RGN-၀၁၉၆၈၄ တို့ သိစေရန်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၀၈၊ 4-A နေ ဦးမြင့်ထွန်းနှင့်ဇနီး ဒေါ်ထွန်းသီရိတို့ထံမှ ၉-၇-၂၀၀၃ရက်စွဲပါ စာချုပ်အရ ဦးသက်နိုင်နှင့်ဒေါ်ရီရီမြင့်(ခ)မီးမီးတို့ လက်ခံရယူထားသော ငွေများနှင့် ၁၉-၈-၂၀၀၃ရက်စွဲပါ စာချုပ်အရ ဒေါ်စန်းစန်းနု လက်ခံရယူထားသော ငွေများတို့ကို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ဦးမြင့်ထွန်းနှင့် ဒေါ်ထွန်းသီရိတို့ထံ အမြန်ဆုံးပြန်လည်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဋ္ဌေးလွင်(ထားဝယ်) ဒေါ်မိုးမိုးခိုင်
တရားရုံးချုပ်ရှေ့နေများ
အခန်း ၇၊ အခန်း ၄၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၅၀၉၂၇၊ ၃၈၃၉၇၃၊ ၂၅၄၈၅၇။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် UN Resident Coordinator and UNDP Representative Mr. Charles James Petrie နှင့် UNICEF Representative Ms. Carroll C.Long တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကုလသမဂ္ဂ၊ ယူအင်န်ဒီပီနှင့် ယူနီဆက်ဖ်တို့မှ ပုဂ္ဂိုလ်တို့အား ဇေယျာသီရိဗိမာန်ခန်းမတွင် လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် **UN Resident Coordinator and UNDP Representative Mr. Charles James Petrie** နှင့် **UNICEF Representative Ms. Carroll C.Long** တို့အား ယနေ့ ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနသံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၂-၇-၂၀၀၆

မော်လိုက်မြို့	၃ ဒသမ ၀၇ လက်မ
ကော့သောင်းမြို့	၁ ဒသမ ၆၉ လက်မ

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျင်းပခဲ့သည့်အမျိုးသားညီလာခံ၌ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများပြန်လည်သုံးသပ် ညီလာခံရပ်နားထားချိန်ကာလဆောင်ရွက်ရမည့်လုပ်ငန်းများ တင်ပြဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၃

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **စာမျက်နှာ ၆ ကော်လံ ၁** ☆

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လင်းပိုင်ငါးတို့၏အသံ

အိုင်ယာလန်နိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းတွင် လင်းပိုင်ငါးများ နေထိုင်ကျက်စားကြသည်။ လင်းပိုင်ငါးများသည်လူသားတို့နှင့် အလွန် နီးစပ်သော ပင်လယ်နေသတ္တဝါများဖြစ်ကြပြီး လူသားတို့ သင်ကြားပြသသည်ကို အလွယ်တကူ သင်ယူတတ်မြောက်ကြသည်။ ထိုလင်းပိုင်ငါးများသည် အသံပြုနိုင်ကြရာ သူတို့၏ သာယာချမ်းမြေ့သော အသံများကို အင်တာနက်ဆာဗာများ(အင်တာနက်ကုမ္ပဏီများ)မှ တစ်ဆင့် မကြာမီ တိုက်ရိုက်ဖမ်းယူနားဆင်နိုင်ကြတော့မည် ဖြစ်သည်။ **(အပေါ်ပုံ)**

(ဓာတ်ပုံ-အင်တာနက်)

အော်ရာဂြိုဟ်တုလွှတ်တင်မည်

ကမ္ဘာ့ရာသီဥတုနှင့် အိုဇုန်းလွှာကို လေ့လာရန်အတွက် အော်ရာဂြိုဟ်တုကို နာဆာအဖွဲ့က လွှတ်တင်တော့မည်ဖြစ်သည်။ နာဆာအဖွဲ့က လွှတ်တင်မည်ဖြစ်သော အော်ရာဂြိုဟ်တု၏ပုံကို အနုပညာရှင်တစ်ဦးက ဤသို့ရေးဆွဲပုံ ဖော်ထားခြင်းဖြစ်သည်။ (**ဝဲပုံ**)

(ဓာတ်ပုံ-အင်တာနက်)

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲ ရောဝတီတိုင်း ပုသိမ်မြို့၌ ယနေ့စတင်ကျင်းပမည်

သတင်းဆောင်းပါး - ကိုထွေး

ရန်ကုန် ဇူလိုင် ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၄ခုနှစ် ပဉ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့် တိုင်း (လူသစ်တန်း) အသက် ၂၁နှစ်နှင့်အောက် **စာမျက်နှာ ၁၁ ကော်လံ ၃** ✳